# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 17 November 2022 ၁၀၉၂၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့)

ယနေ့မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့၊ ခရစ်သက္ကရာဇ် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်နေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွက် လွန်စွာထူးခြားလေးနက်သော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပါသည်။ ကိုလိုနီလက်အောက် ကျရောက်ခဲ့စဉ်က နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံး မျိုးချစ်စိတ်အပြည့်အဝဖြင့် စည်းလုံးညီညွတ်စွာ ဆန့်ကျင်တော်လှန်ခဲ့သည့် အထိမ်းအမှတ်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ မြန်မာတို့၏ သမိုင်းဝင် အမျိုးသားအောင်ပွဲနေ့အခါသမယတွင်ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


## မြန်မာ့တိုင်းရင်းဆေးသမားတော်များသည် ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကိုအသုံးပြု၍ ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့
## မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးတက်အောင်မြင်စေရန် ဦးတည်ကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**




ကြေးမုံ

# ဒီမိုကရေစီခေါင်းစဉ်တပ်၍ ခွဲခြားဆက်ဆံမှုကိုလက်မခံ

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို တည့်မတ်မှန်ကန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နေသောနိုင်ငံဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး ဦးတည်ချမှတ်ဆောင်ရွက် လျက်ရှိသည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများ နှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆောင်ရွက်နေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်ကို စနစ်တကျဆောင်ရွက်နေသော အချိန်တွင် ဒီမိုကရေစီစံနှုန်းများနှင့်ကျင့်ဝတ်များကို အလေးထားလိုက်နာအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာအခွင့်အရေးများကို မည်မျှရရှိသည်၊ မရရှိသည်ကို မြန်မာနိုင်ငံတွင်နေထိုင်သော နိုင်ငံသားများသာ အသိဆုံးဖြစ်သည်။ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့အကူ အညီ ဖြည့်ဆည်းပေးမှုများကို တစ်ဦးချင်းအလိုက်သာမက လိုအပ်နေသည့် လူ့အသိုက်အဝန်းများတွင်ပါ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနေသည်ကို မြေပြင်တွင် လေ့လာကြည့်လျှင် အထင်အရှားတွေ့မြင်နိုင်မည်ဖြစ်သည်။

သို့သော် လူကုန်ကူးမှုနှင့်ပတ်သက်၍ နိုင်ငံခြားအစိုးရများ၏ ကြိုးပမ်း အားထုတ်မှုများအပေါ် အမေရိကန်သမ္မတ၏ အဆုံးအဖြတ်ကြေညာချက်ကို အမေရိကန်သမ္မတအိမ်ဖြူတော်က အောက်တိုဘာလ ၁၄ ရက်နေ့ ထုတ်ပြန်ချက် များကိုကြည့်လျှင် စိတ်ပျက်ဖွယ်ရာများတွေ့ရမည်ဖြစ်သည်။ အဆိုပါ ထုတ်ပြန်ချက် တွင် အမေရိကန်နိုင်ငံ၏ ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံးစံနှုန်းများအတိုင်း (သို့မဟုတ်) စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းအားထုတ်မှု အနည်းဆုံးနိုင်ငံ များအဖြစ် အာဖဂန်နစ္စတန်၊ မြန်မာ၊ ဂင်းနီဗစ်ဆော၊ အီရန်၊ တရုတ်နှင့် တောင်ဆူဒန် စသည့်နိုင်ငံများအား သတ်မှတ်ထားသည်ကိုတွေ့ရသည်။ အဆိုပါ နိုင်ငံများအား အမေရိကန်နိုင်ငံက ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာနှင့် ကုန်သွယ်ရေးဆိုင်ရာမဟုတ်သော အကူအညီများ ပေးအပ်မည်မဟုတ်ကြောင်း သိရှိရသည်။

ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် လူကုန်ကူးမှု အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံအား လူကုန်ကူးမှုနှင့်ပတ်သက်၍လည်း အနိမ့် ဆုံးစံချိန်စံညွှန်းများကိုပင်မပြည့်မီဘဲ အထူးကြိုးပမ်းမှုမရှိသည့် နိုင်ငံများစာရင်းတွင် အပြောင်းအလဲမရှိ ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုဆုံးဖြတ်ချက်အရ မြန်မာ နိုင်ငံကို ၂၀၂၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နှင့် ကုန်သွယ်ရေးဆိုင်ရာမဟုတ်သော အကူအညီများ ပေးအပ်မည်မဟုတ်ကြောင်း လည်းဖော်ပြထားသည်။ အမေရိကန်နိုင်ငံ၏ အစီရင်ခံစာတွင် သတ်မှတ်ထားသည့် အနိမ့်ဆုံးစံနှုန်းများကိုလိုက်နာ၍ သက်ဆိုင်ရာအစိုးရများက ကြိုးပမ်းအားထုတ်မှု ပြုလုပ်သည့်အချိန်အထိ ယင်းနိုင်ငံများ၏တာဝန်များ (သို့မဟုတ်) ဝန်ထမ်းများ၏ ပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းအစီအစဉ်များတွင် ပါဝင်ခြင်းအတွက် ရန်ပုံငွေ ထောက်ပံ့မှုများ ပြုလုပ်ပေးမည်မဟုတ်ကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံသည် ၎င်း၏မဟာမိတ်နိုင်ငံများ၊ ထောက်ခံအားပေးသူများနှင့် အကျိုးအမြတ်ရရှိစေသည့်နိုင်ငံများနှင့်ပတ်သက်၍ လူကုန်ကူးမှုအပါအဝင် လူ့ အခွင့်အရေးချိုးဖောက်မှုများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်နေပါသော် လည်း ၎င်းတို့သတ်မှတ်ထားသည့် အဆိုးရွားဆုံးစာရင်းတွင် ထည့်သွင်းဖော်ပြလေ့ မရှိဘဲ အမေရိကန်နိုင်ငံနှင့် မဟာမိတ်မဟုတ်သော၊ ထောက်ခံအားပေးသောနိုင်ငံ (သို့မဟုတ်) လက်ဝေခံမဟုတ်သည့် နိုင်ငံများနှင့် အကျိုးစီးပွားဖက်မဟုတ်သော၊ အကျိုးအမြတ်မရရှိသောနိုင်ငံများကိုမူ ဒီမိုကရေစီခေါင်းစဉ်တပ်၍ လူ့အခွင့်အရေး အကြောင်းပြပြီး ခွဲခြားဆက်ဆံမှုများ ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံကြီးဖြစ်ပါလျက် ဒီမိုကရေစီကိုအကြောင်းပြ၍ ဘက်မတူသည့်နိုင်ငံ များ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နှောင့်ယှက်နေခြင်းသာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီနစ်ကို စနစ် တကျအကောင်အထည်ဖော်လျက်ရှိပြီး ဒီမိုကရေစီစံနှုန်းများနှင့်အညီ လူ့အခွင့် အရေးဆိုင်ရာများကို အလေးထားဆောင်ရွက်လျက်ရှိရာ ပကတိအမှန်တရားများကို မျက်ကွယ်ပြုပြီး အလိုမကျသည့်နိုင်ငံများအပေါ် ဒီမိုကရေစီကိုအကြောင်းပြ၍ စွက်ဖက်နှောင့်ယှက်မှုများကို ဆန့်ကျင်ရှုတ်ချပါကြောင်း။ ။




## ဘီးလင်းမြို့နယ်၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ

ဘီးလင်း နိုဝင်ဘာ ၁၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက အထက ကန်သာယာကျောင်း မဟော်သဓာခန်းမ၌ ကျင်းပခဲ့ သည်။

အခမ်းအနားတွင် ဘီးလင်းမြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ရီက အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရသည့်ရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဘီးလင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းကျောင်းအုပ် ၁၃ ဦး၊ အလယ်တန်း ကျောင်းအုပ် ၁၅ဦး၊ မူလတန်းကျောင်းအုပ် ၁၇၄ ဦး စုစုပေါင်း ၂၀၂ ဦးတို့အား ဘီးလင်းမြို့နယ် ပညာရေးမှူး ဒေါ်ညွန့်ရီက (စီမံ၊ဘဏ္ဍာ၊ ပညာ၊ ကြီးကြပ်အကဲဖြတ်) ဘာသာရပ်များကို နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ၊ နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက် နှစ်ရက်တာ ပို့ချသင်ကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၆ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၂၀၀ | ၅၂ | ၄၇၈,၂၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၅၀ | ၅,၉၈၅ | ၂၀,၀၄၈,၃၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၃ | ၂၅၇,၄၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁၀၀ | ၂၇၀,၀၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၀ | ၅၄,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၀၀ | ၅၀၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၈၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၆.၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၈၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၂.၀၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၈၁၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၂.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၃၄.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၄.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၈.၅၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို အခြေခံလျက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်

❂ ရှေ့ဖုံးမှ

တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်သော မြန်မာနိုင်ငံတွင် မြန်မာဆိုသည့်ဝေါဟာရကို မြန်မာသက္ကရာဇ် ၄၅၂ ခု၊ ပုဂံခေတ်တောင်ဂူနီဘုရားကျောက်စာ၌ စတင်တွေ့ရှိရပြီး လွန်စွာအနက်အဓိပ္ပာယ်ပြည့်ဝ၍ ထူးခြားသည့် ဝိသေသလက္ခဏာများ ပြည့်ဝသည်ဟု ဆိုနိုင်ပါသည်။ မြန်မာဆိုသည်မှာ လူမျိုးတစ်မျိုးတည်း၏ အမည်နာမ မဟုတ်ဘဲ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးများအားလုံးကို ကိုယ်စားပြုဆိုလိုခြင်းဖြစ်ပါသည်။

မြန်မာတို့သည် ရှေးပဝေသဏီကတည်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေထိုင်ခဲ့ကြသော်လည်း ဗြိတိသျှတို့၏ နယ်ချဲ့စနစ်ကြောင့် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရပါသည်။ နယ်ချဲ့တို့သည် မြန်မာတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ ပညာရေးတို့ကို နည်းမျိုးစုံဖြင့် ဖိနှိပ်ချုပ်ချယ်ကာ ကျွန်သက်ရှည်အောင်လုပ်ဆောင်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားများသည် သူ့ကျွန်ဘဝမှ လွတ်မြောက်ရန် မျိုးချစ်စိတ်ဓာတ်၊ စည်းလုံးညီညွတ်သော စိတ်ဓာတ်တို့ဖြင့် ရာဇဝင်တွင် မော်ကွန်းတင်နိုင်သည်အထိ တွန်းလှန်ခဲ့ကြပါသည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို ပြန်ကြည့်ပါက တစ်မျိုးသားလုံးနေရာစုံ၊ အလွှာစုံတို့က တော်လှန်ခဲ့ကြသည်မှာလည်း သမိုင်းက သက်သေခံလျက်ရှိပါသည်။ ထိုသို့နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကြိုးပမ်းမှုများသည် မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်များ ပိုမိုနိုးကြားတက်ကြွလာစေပြီး အမျိုးသားအောင်ပွဲနေ့အတွက် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ကိုလိုနီနယ်ချဲ့တို့သည် ပညာရေးစနစ်ကို အကောင်းဆုံးလက်နက်တစ်ခုအဖြစ် အသုံးချ၍ မြန်မာတို့ကို အသိဉာဏ်ပညာနိမ့်ပါးအောင် ပြုလုပ်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဗြိတိသျှအစိုးရက ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုခဲ့ပြီး ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်နှစ်ခုတို့ ပါဝင်ဖွဲ့စည်းကာ ရန်ကုန်တက္ကသိုလ်အဖြစ် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့ပါသည်။ ထိုအက်ဥပဒေသည် မြန်မာလူမျိုးအများစု တက္ကသိုလ်ပညာသင်ယူခွင့်မရအောင် ကန့်သတ်ထားခြင်းဖြစ်၍ ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများက ဆန့်ကျင်ခဲ့ကြပြီး ထိုလှုပ်ရှားမှုတွင် တစ်နိုင်ငံလုံးပါဝင်ခဲ့ကြပါသည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်မြို့ဂျူဗလီဟော၌ ကျင်းပခဲ့သော ဂျီစီဘီအေအထူးကွန်ဖရင့်က **"အမျိုးသားနေ့"**ဟု သတ်မှတ်ခဲ့ကြပါသည်။ ယင်းနေ့သည် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ဖိနှိပ်မှုအပေါ် အောင်ပွဲခံသောနေ့ဖြစ်၍ **"အမျိုးသားအောင်ပွဲနေ့"** ဟုလည်း ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ အမျိုးသားနေ့ကို တိုင်းရင်းသားအားလုံးတို့က အမြတ်တနိုးတန်ဖိုးထားကာ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ရည်မှန်းလျက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။ အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သော စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားအောင်ပွဲနေ့၏ စည်းလုံးညီညွတ်မှုအနှစ်သာရကို အခြေခံလျက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ငြိမ်းချမ်းသာယာသော ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ကြရမည်ဖြစ်ပါသည်။

- ○ **ယနေ့အချိန်အခါတွင် နိုင်ငံတော်သည် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**
- ○ **အမျိုးသားရေးစိတ်ဓာတ်အခြေခံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်သော စုပေါင်းစွမ်းပကားဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး အောင်မြင်စွာတည်ဆောက်ရေးကို ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လာအောင် စီမံဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်အနေဖြင့် သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တို့အပေါ်တွင် အခြေခံ၍ ငြိမ်းချမ်းရေးလမ်းကြောင်းကို တည်ဆောက်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးရရှိစေရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ဒေသအသီးသီးမှ သက်ဆိုင်ရာ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ဆွေးနွေးကာ ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတို့၏အကျိုးကို ရှေးရှု၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာအပြန်အလှန် ဆွေးနွေးညှိနှိုင်းလျက်ရှိပါသည်။ ဆွေးနွေးညှိနှိုင်းခြင်းဖြင့်သာ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကို အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းလုပ်ဆောင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည့် အားလျော်စွာ ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မိဘပြည်သူများနှင့်ဆရာ ဆရာမများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။ နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာတတ်မြောက်သော၊ ပညာရည်မြင့်မားသော ပညာတတ်များ၊ စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ပညာရေးက လေ့ကျင့်ပျိုးထောင်ပေးသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။

- ○ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည့် အားလျော်စွာ ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးဖြင့် အကောင်အထည်ဖော်လျက်ရှိရာ မိဘပြည်သူများနှင့်ဆရာ ဆရာမများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီး**
- ○ **နိုင်ငံသားတိုင်း ပညာတတ်မြောက်ပြီး အသိပညာ၊ အတတ်ပညာတတ်မြောက်သော၊ ပညာရည်မြင့်မားသော ပညာတတ်များ၊ စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်**
- ○ **ပညာရေးက လေ့ကျင့်ပျိုးထောင်ပေးသည့် တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့၊ သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို အမျိုးသားရေးတာဝန်အဖြစ်ဆက်လက်ထိန်းသိမ်းကြရမည်**

သို့မှသာ ဆရာဇော်ဂျီ၏ စာပေလောက ကဗျာကဲ့သို့- **"ကိုယ့်အားကို ကိုယ်ယုံကိုးကာပဲ့ ကိုယ့်မျိုးဂုဏ်တစ်မာန်တက်"** နိုင်မည်ဖြစ်ပေသည်။ **"သူကတစ်ဖြာ၊ ငါကတစ်ဖုံ၊ ထုံတတ်သည်မှာ၊ ဓမ္မတာဖြစ်သော်လည်း၊ ငါစွဲမသို၊ ကိုယ်စွဲမထားဘဲ"** အမျိုးသားတိုးတက်ရေးကို ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ မှန်ကန်သော မျိုးချစ်စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားအောင် စွမ်းဆောင်ကြရမည်ဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်ပြီး စိတ်ရင်းစေတနာကောင်းများဖြင့် တိုင်းပြည်တိုးတက်အောင်စွမ်းဆောင်ကြရမည်ဖြစ်ပါသည်။

နိုင်ငံသားတိုင်းက ၂၀၂၂ ခုနှစ် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သော-

- ❖ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး၊**
- ❖ **ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး၊**
- ❖ **အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး၊**
- ❖ **မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင်ဆောင်ရွက်ရေး။**

တို့အတွက် ခိုင်မြဲသောစိတ်ဓာတ်၊ မလျှော့သောဇွဲလုံ့လ၊ ကြီးမားသော ဉာဏ်ပညာတို့ဖြင့် ဆက်လက်ကြိုးပမ်း အကောင်ထည်ဖော်ဆောင်ရွက်ကြရပါမည်။

ဤသို့ အနှစ်သာရပြည့်ဝပြီး ထူးခြားလေးမြတ်လှသော အမျိုးသားအောင်ပွဲနေ့အခါသမယ၌ **"နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့"**ဟူသော (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ-

- ဘိုးဘွားအမွေ အမိပြည်ထောင်စုကြီးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သွားကြပါရန်၊
- တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို တန်ဖိုးထား ထိန်းသိမ်းမြှင့်တင်သွားကြပါရန်၊
- အတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို အားလုံးကကြိုးစားပြုစုပျိုးထောင်ပေးကြပါရန်၊
- ခေတ်စနစ်လိုအပ်ချက်များနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်စေသော ပညာရေးစနစ်ဖြစ်ပေါ်ရေးကို ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

> ❖ **မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ MSME လုပ်ငန်းများတွင်လည်း တစ်စိတ်တစ်ပိုင်းပါဝင်သဖြင့် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားစေရန် တစ်တပ်တစ်အား အထောက်အကူပြုနေ**
>
> ❖ **နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ**

**❖ မြန်မာ့တိုင်းရင်းဆေးမှ** ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ (၂၁)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကောမတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၁၉ ခုနှစ် အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပပြီးနောက်ပိုင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားခဲ့ရသည့် ညီလာခံကြီးအား ယခု(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုကာလဖြစ်သည့် ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်လျက် နှီးနွှယ်ဝန်ကြီးဌာနများဖြင့် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ်အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည့် အစဉ်အလာများအတိုင်း ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးအား ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံကျင်းပရခြင်း၏ ရည်ရွယ်ချက်အနေဖြင့် မြန်မာ့တိုင်းရင်းဆေး လောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်းနှင့် ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှု နည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ပြည်တွင်းပြည်ပရှိ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ပြီး အဆိုပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ရည်ရွယ်ချက်များ**

အလားတူမြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်များမှာ မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ဖြစ်လာစေရေး လေ့ကျင့်ပေးရန်၊ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးခြင်း လုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံတိုင်းရင်းဆေးဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများအနေဖြင့် တိုင်းရင်းဆေးကုထုံးများကို လက်မလွှတ်ဘဲ အားကိုးအားထားပြု၍ သုံးစွဲကုသနေကြဆဲဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး ရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကပ်ရောဂါကို တိုင်းရင်းဆေးဝါးများဖြင့် ကာကွယ်ကုသနိုင်ရန် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ကိုဗစ်-၁၉ ရောဂါအပါအဝင် ၎င်းနှင့်အလားတူ ရာသီတုပ်ကွေးရောဂါများ ကုသနိုင်ရေး "ဝိသမ" အဖျားပျောက်ဆေးကို လူနာများတွင် အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရန် သုတေသနအဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စမ်းသပ်မှုနောက်ဆုံးအဆင့် ပြီးစီးအောင်မြင်နေပြီဟုလည်း သိရပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေး သမားတော်များသည် ခေတ်အဆက်ဆက် တိုင်းရင်းဆေးဝါးများကိုအသုံးပြု၍ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးခဲ့ကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံ၏ ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန် ယခုကျင်းပမည့် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲများ၌ ကြိုးပမ်းဆောင်ရွက်နိုင်ရန် စီစဉ် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အထူးအားပေး ဆောင်ရွက်နေသည့်အတွက် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအနေဖြင့် တိုင်းရင်းဆေးပညာရှင်များ၏ ဆေးပညာကျင့်ဝတ်ထိန်းသိမ်းခြင်းများကို ဤညီလာခံများမှတစ်ဆင့် ကြီးကြပ်ဆောင်ရွက်နိုင်စေရန် စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း။

ယခုကဲ့သို့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲများ ကျင်းပပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ပိုမိုတိုးတက်အောင်မြင်စေရန် ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ နှီးနွှယ်ဆက်စပ်သော ဝန်ကြီးဌာနများမှ ပညာရှင်ကိုယ်စားလှယ်များ၊ ကဏ္ဍပေါင်းစုံမှ ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများသည် နိုင်ငံတော်၏ MSME လုပ်ငန်းများတွင်လည်း တစ်စိတ်တစ်ပိုင်းပါဝင်သဖြင့် နိုင်ငံတော်၏ GDP တိုးတက်မြင့်မားစေရန် တစ်တပ်တစ်အား အထောက်အကူပြုနေကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများအနေဖြင့် သက်ဆိုင်ရာ အခန်းကဏ္ဍများမှ အင်တိုက်အားတိုက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရခြင်းနှင့် နှီးနှောဖလှယ်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာစုစုဒွေးတို့က နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ညီလာခံများနှင့် နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည့် အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခုနှစ် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြုလုပ်သွားမည့် အသေးစိတ် အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများက (၂၁)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဦးစီးကော်မတီနာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဝန်ကြီးဌာနများအလိုက် မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းများ လစ်ဟာမှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ (၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပမည့်ကာလသည် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်နေသည့်ကာလဖြစ်သည့်အတွက် ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကြီးကိုလည်း ယခင်နှစ်များထက် ပိုမိုခမ်းနားစွာ ကျင်းပဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

> ❖ **ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများအနေဖြင့် တိုင်းရင်းဆေးကုထုံးများကို လက်မလွှတ်ဘဲ အားကိုးအားထားပြု၍ သုံးစွဲကုသနေကြဆဲဖြစ်သည်ကို တွေ့မြင်နိုင်**
>
> ❖ **ယခုအခါ ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကပ်ရောဂါကို တိုင်းရင်းဆေးဝါးများဖြင့် ကာကွယ်ကုသနိုင်ရန် ဆောင်ရွက်နေကြသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ကိုဗစ်-၁၉ ရောဂါအပါအဝင် ၎င်းနှင့်အလားတူ ရာသီတုပ်ကွေးရောဂါများ ကုသနိုင်ရေး "ဝိသမ"အဖျားပျောက်ဆေးကို လူနာများတွင် အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန် သုတေသနအဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ စမ်းသပ်မှု နောက်ဆုံးအဆင့် ပြီးစီးအောင်မြင်နေပြီဟုလည်း သိရ**


## နဖားကြူး(ခ)အမြီးဝိုင်း ငှက်ပုံ ( ကျပ် ၂၀၀ တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာ ကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း **"နဖားကြူး(ခ)အမြီးဝိုင်း"** ငှက်ပုံ (ကျပ် ၂၀၀ တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲအချိန်မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် နိုဝင်ဘာ ၂၃ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် Obninsk Nuclear Power Plant သို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၅ ရက်က မော်စကိုမြို့ရှိ Obninsk တက္ကသိုလ်၊ Rosatom Technical Academy နှင့် ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant တို့သို့ သွားရောက်လေ့လာကြသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Obninsk တက္ကသိုလ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် Alexey Panov Tatiana Osipova နှင့် တာဝန်ရှိသူတို့က နိုင်ငံပေါင်း ၆၈ နိုင်ငံမှ ပညာတော်သင် ကျောင်းသား ကျောင်းသူများကို စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးနေမှု၊ တက္ကသိုလ်တွင် ဖွဲ့စည်းထားရှိသော ဌာနတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက နှုတ်ခွန်းဆက်စကားများ ပြောကြားပြီး တက္ကသိုလ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Obninsk တက္ကသိုလ်အတွင်း Engineering၊ Obninsk Institute For Nuclear Power၊ Rosatom Resource Center တို့ကိုလည်းကောင်း၊ Innovation and Technology Center ရှိ Design Laboratories and student office တို့ကိုလည်းကောင်း၊ Nuclear Power Plant Simulator များ၊ Pharmaceutical Center for Practical Competencies and Training and Simulation Center တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန် ရှိသူများ၏ လိုက်လံရှင်းလင်းပြသမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးကြကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြ၍ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ Rosatom Technical Academy သို့ သွားရောက်လေ့လာကြရာ တက္ကသိုလ်ရှင်းလင်းဆောင်၌ ပါမောက္ခချုပ် Yuri Seleznev က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာရပ်ဆိုင်ရာများအလိုက် လေ့ကျင့်သင်ကြားပေးမှုများ၊ သင်တန်းသားများကို စာတွေ့လက်တွေ့ သင်ကြားပေးနေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ပါဝါပွိုင့်များဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်သည်။

ထို့နောက် အဆိုပါ တက္ကသိုလ်အတွင်း စာပေဌာနတစ်ခုချင်းစီအလိုက် စာတွေ့လက်တွေ့လေ့ကျင့်သရုပ်ပြသမှုများ၊ ဓာတ်ခွဲစမ်းသပ်ခန်းများ၊ ဆေးပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများ၊ နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်ပုံ အဆင့်ဆင့်ကို 3D နည်းပညာဖြင့် ရှင်းလင်းပြသမှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြသကြသည်။

**ကြည့်ရှုလေ့လာ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာလုကာခရိုင်ရှိ ကမ္ဘာ့ပထမဆုံး နျူကလီးယား ဓာတ်အားပေးစက်ရုံ Obninsk Nuclear Power Plant အား သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ Obninsk Nuclear Power Plant သည် ၁၉၅၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၅၄ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ခဲ့သည်။ 6 MW တပ်ဆင်အင်အားရှိသည့်စက်ရုံမှ ၁၉၅၄ ခုနှစ်တွင် မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး စတင်ဓာတ်အားဖြန့်ဖြူးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဓာတ်အားပေးစက်ရုံဓာတ်အားထုတ်လုပ်ခြင်းအား ရပ်ဆိုင်းထားပြီး ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ နှစ်ပေါင်း ၄၈ နှစ်ကြာသည့်တိုင်အောင် လည်ပတ်မောင်းနှင်ခဲ့ရာတွင် မည်သည့်ထိခိုက်မှု တစ်စုံတစ်ရာမျှမရှိဘဲ နိုင်ငံတကာမှ အလေးထားလာရောက်လေ့လာနေရသည့် စက်ရုံတစ်ခုလည်းဖြစ်သည်။ ယခုအခါတွင် စက်ရုံအားပြတိုက်အဖြစ် ဆောင်ရွက်ထားရှိပြီး Hight Power Channel Type Reactor သုံး ဓာတ်အားပေးစက်ရုံ အမျိုးအစားဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြို့၌ Nissan Sunny အမျိုးအစားယာဉ်များ ထုတ်လုပ်လျက်ရှိသည့် Tan Choung Motor Myanmar စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေး

**ပဲခူး နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့၌ Nissan Sunny အမျိုးအစားယာဉ်များ ထုတ်လုပ်လျက်ရှိသည့် Tan Choung Motor Myanmar စက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးသည်။



ရှေးဦးစွာ Tan Choung Motor Myanmar အစည်းအဝေးခန်းမ၌ စက်ရုံတာဝန်ခံများက စက်ရုံလည်ပတ်နေမှုကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအတွင်း လူ့စွမ်းအား အရင်းအမြစ်ပေါကြွယ်မှု၊ အလုပ်ရှင်အလုပ်သမားပြဿနာကင်းရှင်းမှု၊ ရင်းနှီးမြှုပ်နှံရန် မြေနေရာများလွယ်ကူစွာရရှိနိုင်မှု၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့နိုင်ရေးအားပေးနေမှုနှင့် နယ်မြေဒေသအေးချမ်းတည်ငြိမ်မှု စသည့် အခွင့်အလမ်း ကောင်းများကို သတင်းစကားပေး၍ မိတ်ဖက်ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ ဖိတ်ခေါ်စေလိုကြောင်း၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာလုပ်ငန်းများ၊ လျှပ်စစ်မော်တော်ကား ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်စေလိုကြောင်း၊ မိမိတို့အစိုးရအဖွဲ့မှ လိုအပ်သည်များ ဥပဒေနှင့်အညီ ကာကွယ် စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စက်ရုံအတွင်း မော်တော်ကား တပ်ဆင်ထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့နယ် ကတွင်းခြံ ကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆားငန်ဒဏ်ခံ (ဆင်းသွယ်လတ်) မျိုးစေ့ထုတ်မိုးစပါး စံပြစိုက်ခင်း(၇ ဒသမ ၆၀) ဧက ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကာ ပဲခူးမြစ်ရေနှင့် စစ်တောင်းတူးမြောင်းရှိ ရေများ စိုက်ပျိုးရေးအတွက် အကျိုးရှိရှိ အသုံးပြုနိုင်ရေး၊ အဆင့်မြင့် လယ်ယာစက်ကွက်များ ဖော်ထုတ်နိုင်ရေး၊ ကုန်ထုတ်လမ်းနှင့် ရေသွင်းမြောင်းများ တစ်ပါတည်း ထည့်သွင်း တည်ဆောက်ရန်၊ Drum Seeder အသုံးပြု၍ အစေ့ချစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး အသိပညာပေးရန်နှင့် မြေလပ်မရှိစိုက်ပျိုးနိုင်ရေးအတွက် စပါးစိုက်ပျိုး၍ မရသောနေရာများတွင် ဈေးကွက်ဝင် အုန်းပင်များ စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ စိန်သာလျောင်း ရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ပြီး ဘုရားအဝင်လမ်းအား အရှေ့ဘက်မုခ်ဦးထိပ်အထိ ကွန်ကရစ်လမ်းခင်းပေးရန်နှင့် ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်တွင် မက္ကဒေးမီးယား စိုက်ပျိုးပြုစု ထိန်းသိမ်းခြင်းဆိုင်ရာ TOT သင်တန်းဖွင့်ပွဲ ကျင်းပ

**နမ့်စန် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်တွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်သော အထူးရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သည့် မက္ကဒေးမီးယား စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာ TOT သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၇၃) သံချပ်ကာစစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ညီညီဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးနိုင်က သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်မှူးချုပ် ညီညီဝင်း နှင့် နမ့်စန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းတို့က သင်တန်းသားသင်တန်းသူများကို သင်တန်းအထောက်အကူပြုပစ္စည်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ရာ သင်တန်းသားခေါင်းဆောင်များက လက်ခံရယူကြသည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်၍ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲမှ နည်းပြဆရာများက သက်ဆိုင်ရာဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး နမ့်စန်ခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့မှ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် တောင်သူ စုစုပေါင်း ၂၅ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သူရအောင်(ပြန်/ဆက်)**



# မဲစာရင်းပြည့်စုံမှန်ကန်ရေးနှင့် နိုင်ငံသားတစ်ဦး၏တာဝန်

## ကံထူးကို

### နိဒါန်း

လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဓိကအရေးကြီးဆုံးစာရင်းဇယားမှာ မဲစာရင်းဖြစ်ပြီး ထိုမဲစာရင်းသည် ပြည့်စုံမှန်ကန်ရန် လိုအပ်သည်။ ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်များဖြစ်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံအသီးသီး၌ အလိုအလျောက် ဆန္ဒမဲပေးပိုင်ခွင့်မရနိုင်ပါ။ ဆန္ဒမဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး သက်ဆိုင်ရာမဲရုံ၏ မဲဆန္ဒရှင်စာရင်းတွင် အမည်ပါရှိသူများသာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မဲစာရင်းများပြုစုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုစုလျက်ရှိပါသည်။

### ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁(က)တွင် **"ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် (၁၈) နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားနှင့် ဥပဒေအရဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ တွင် **"ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူစသော အရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီး မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားသည်။

### ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ

ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၂ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇ တွင် **"သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့ သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူ"**ဟု ပြဋ္ဌာန်းထားသည်။

### မဲစာရင်းပြုစုခြင်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို ပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့က ပြုစုထားသည့် လူဦးရေစာရင်းများကို ရယူအခြေခံပြီး ပြုစုခြင်းဖြစ်သည်။ ထို့ကြောင့် ရယူအခြေခံသော လူဦးရေစာရင်းများ မှန်ကန်မှသာ မဲစာရင်းပြည့်စုံမှန်ကန်မည်ဖြစ်သောကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့၏ လူဦးရေစာရင်းများ မှန်ကန်ရန်မှာ အဓိကအရေးကြီး၍ သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရန်လိုအပ်ပါသည်။

ပုံစံ(၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း
၂၀ ခုနှစ်၊ လွှတ်တော်မဲဆန္ဒနယ်မဲဆန္ဒရှင်စာရင်း
[ နည်းဥပဒေ၄ ]

------------------------------ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (     )

-----------------------------------------မြို့နယ် ------------------------ ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ အမည် | ကျား/ မ | မွေးသက္ကရာဇ် | နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် | အဘ အမည် | အမိ အမည် | နေရပ် လိပ်စာ | ထိုးမြဲလက်မှတ်သို့မဟုတ် လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကိုကျောဘက်တွင်ဖော်ပြထားပါသည်။

### မဲစာရင်းပြုစုရန်နည်းလမ်း

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေအရ မဲစာရင်းကို ပုံစံ(၁)ဖြင့်ပြုစုရမည်ဖြစ်ပြီး မဲစာရင်းပြုစုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးက ပြုစုထားသည့် လူဦးရေစာရင်း (မသန်စွမ်းသူများအပါအဝင်)တို့ကို ရယူအခြေခံပြီး ပြုစုပါသည်။ မဲစာရင်းများကို ပုံမှန်စိစစ်ပြုစုရန်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးသည် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) အရ အသက် (၁၈) နှစ်ပြည့်သူများ၏ အမည်စာရင်းများနှင့် ပြောင်းရွှေ့ဝင်ရောက်လာသူများ၏ အမည်စာရင်း၊ ပြောင်းရွှေ့ထွက်ခွာသွားသူများ၏ အမည်စာရင်းများကို လစဉ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို စိစစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏အမည်စာရင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်ဖြစ်ပါသည်။ ကွယ်လွန်သူများ၏အမည်စာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့၏အတည်ပြုချက်ဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မဲစာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ပါသည်။

### မဲဆန္ဒရှင်တိုင်း မဲစာရင်းတွင် ပါဝင်ရေး

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် မိမိလက်ရှိနေထိုင်ရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)(အထစ)ရှိရမည့်အပြင် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်နှင့် အမျိုးသားမှတ်ပုံတင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားမှ မဲစာရင်းတွင်ပါဝင်ပြီး မဲပေးနိုင်မည်ဖြစ်သည်။ ဤအချက်ကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထူးသတိပြုစေလိုပါသည်။

### မဲစာရင်းကြေညာခြင်း

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကော်မရှင်ကကြေညာပြီးနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့် ကြေညာပါသည်။ ထိုသို့ ကြေညာချိန်တွင် လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသော ကြေညာစာပုံစံ(၂)ကိုပါ တစ်ပါတည်းကြေညာသည်။ မဲစာရင်းများ ထုတ်ပြန်ကြေညာချိန်တွင် မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိသွားရောက်ကြည့်ရှုရမည်ဖြစ်သည်။ မိမိအမည်ပါဝင်ခြင်းမရှိပါက မဲစာရင်း၌ အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်း၌အချက်အလက်များ ပြင်ဆင်ပေးရန်တောင်းဆိုခြင်းနှင့် မဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင် ကန့်ကွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းဖြစ်ပြီး မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်တိုင်း မဲပေးနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ ■

**"မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် မိမိလက်ရှိ နေထိုင်ရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)(အထစ)ရှိရမည့်အပြင် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်နှင့် အမျိုးသားမှတ်ပုံတင်ကတ်တစ်မျိုးမျိုးကိုင်ဆောင်ထားမှ မဲစာရင်းတွင် ပါဝင်ပြီး မဲပေးနိုင်မည်ဖြစ်သည်။ ဤအချက်ကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထူး သတိပြုစေလို"**

ပုံစံ(၂)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ**
**ပြည်သူ့လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသောကြော်ငြာစာ**
[ နည်းဥပဒေ၈(က)]

၁။ ------------------မြို့နယ်၊ ----- တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ လွှတ်တော်မဲဆန္ဒနယ်အမှတ်( )အတွင်းရှိ ---------------- ရပ်ကွက်/ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့်ကြေညာထားပါသည်။ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက်မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ လာရောက်ကြည့်ရှုရပါမည်။**

၂။ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်း၌အမည်ထည့်သွင်းပေးရန် မိမိကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်လွှဲအပ်ထားသော ကိုယ်စားလှယ်ကဖြစ်စေ ပုံစံ(၃)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ တောင်းဆိုရမည်။

၃။ မဲစာရင်း၌ပါရှိသောအမည်၊ ကျား/မ၊မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်လိပ်စာတို့ကို ပြင်ဆင်လိုလျှင်လည်းကောင်း၊ မဲစာရင်း၌ပါရှိသောပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင်လည်းကောင်း ပြင်ဆင်လိုသူ သို့မဟုတ် ကန့်ကွက်လိုသူကိုယ်တိုင် ပုံစံ (၄) သို့မဟုတ် ပုံစံ(၄-က)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာဖြင့် ပြင်ဆင်/ ကန့်ကွက်ရမည်။

၄။ ပုံစံ (၃)၊ပုံစံ(၄)နှင့်ပုံစံ(၄-က)များကို ---------------- ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးမှတစ်ဆင့် -------မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ - - ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍တင်သွင်းကြရမည်။

၅။ - - ရက်နေ့ရုံးချိန်ကုန်ဆုံးပြီးနောက်ပိုင်းမှ တင်သွင်းလာသော တောင်းဆိုလွှာ/ ပြင်ဆင်လွှာ/ ကန့်ကွက်လွှာကို နည်းဥပဒေ၁၄(က)ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး လက်ခံစဉ်းစားလိမ့်မည်မဟုတ်။

ဥက္ကဋ္ဌ
-----------------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ -------------------------

■ စာမျက်နှာ ၆ မှ

## နိုင်ငံသားတစ်ဦး၏တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် **"နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"**ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်"**ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံသားများ (နိုင်ငံ့ဝန်ထမ်းများအပါအဝင်)သည် အရပ်ဒေသတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ရာတွင် ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) ပြောင်းရွှေ့ရန်တာဝန်ရှိပါသည်။ ထို့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃ (ဆ) တွင် **"ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအနေဖြင့် အခြားရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန်ပျက်ကွက်လျှင် အရေးယူခြင်းကို သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း"** ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် အခြေစိုက်နေထိုင်သည့် မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)(အထစ) ရှိရမည်ဖြစ်ပြီး ပြောင်းရွှေ့မည်ဆိုလျှင် ပြောင်းရွှေ့မည့်မြို့နယ်သို့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)(အထစ) ပြောင်းရွှေ့ရမည်ဖြစ်သည်။ သို့မှသာ လက်ရှိနေထိုင်သည့်မြို့နယ်၏ မဲစာရင်းတွင်ပါဝင်မည်ဖြစ်သည်။

## အိမ်ထောင်စုလူဦးရေစာရင်း လဝကပုံစံ(၆၆/၆)(အထစ)

အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆) (အထစ)ကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်ရာ နိုင်ငံအတွင်းနေထိုင်သူများသည် နေထိုင်သည့်လိပ်စာပြောင်းသွားပါက ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေများပါအတိုင်း သတင်းပို့အကြောင်းကြားရမည်ဖြစ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆)(အထစ)တွင် **"ဤအိမ်ထောင်စုလူဦးရေစာရင်းသည် ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်၍ (ကာယကံရှင်) မြေ/ အဆောက်အဦ၊ အိမ်ခန်း ပိုင်ဆိုင်ခွင့်နှင့် လုံးဝမသက်ဆိုင်စေရ"**ဟု ဖော်ပြထားပါသည်။ နိုင်ငံသားများ(နိုင်ငံ့ဝန်ထမ်းများအပါအဝင်)သည် အခြေစိုက်နေထိုင်ရာဒေသမှ အခြားဒေသတစ်ခုခုသို့ပြောင်းရွှေ့ပါက ရောက်ရှိရာဒေသတွင် ဥပဒေနှင့်အညီ နေထိုင်ရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ (၆၆/၆) (အထစ)များ ပြောင်းရွှေ့ရမည်ဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေတွင် **"အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်သည်ဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်သည်ဖြစ်စေ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ နှစ်နှစ်ထက်မပိုသော အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေငါးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ရမည်ဟုလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးတွင် မည်သို့ပင်ပါရှိစေကာမူ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းစစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်သောအခါ ခြောက်လထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေနှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ် ငွေဒဏ် နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ရမည်"** ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

## ပြောင်းရွှေ့ခြင်း သို့မဟုတ် မှတ်ပုံတင်ထားသည့် လိပ်စာမှထွက်ခွာခြင်း

၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၅ တွင် **"လူတစ်ဦးတစ်ယောက်သည် တစ်ဆက်တည်း တစ်လတည်း တစ်လထက်ပို၍ မိမိမှတ်ပုံတင်ထားသည့် လိပ်စာမှခေတ္တထွက်ခွာသွားလျှင် ထိုသူသည် မိမိမှတ်ပုံတင်ထားသည့် လိပ်စာတည်နေရာရှိ ဆိုင်ရာစာရင်းထိန်းထံဖြစ်စေ၊ မိမိရောက်နေသောနေရပ်၌ ဆိုင်ရာစာရင်းထိန်းထံမှဖြစ်စေ၊ မှတ်ပုံတင်ထားသည့်လိပ်စာမှ ထွက်ခွာကြောင်းကို အကြောင်းကြားရမည်"**ဟုလည်းကောင်း၊ နည်းဥပဒေ ၂၆(၁)တွင် **"မှတ်ပုံတင်ထားသူတစ်ဦးတစ်ယောက်သည်မိမိမှတ်ပုံတင်ထားသည့် လိပ်စာပြောင်းလဲသောအခါ ထိုသို့ပြောင်းလဲကြောင်းကို နည်းဥပဒေခွဲ(၂)တွင် ပြဋ္ဌာန်းထားသည့် အတိုင်း အကြောင်းကြားရမည်"**ဟုလည်းကောင်း၊ နည်းဥပဒေ ၂၆(၂) တွင် **"လူတစ်ဦးတစ်ယောက်သည် မိမိ၏နေရပ်သစ်သို့ ရောက်ရှိပြီးနောက် သုံးရက်အတွင်း ထိုသို့လိပ်စာပြောင်းလဲကြောင်းကို ထိုနေရပ်သစ်တည်ရှိသည့်နယ်ရှိ စာရင်းထိန်းထံ စာဖြင့်ရေးသားတိုင်ကြားရမည်။ ထိုသို့တိုင်ကြားသည်နှင့်တစ်ပြိုင်နက် မိမိလက်တွင်ရှိသော သက်သေခံကတ်ပြားကို သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို စာရင်းထိန်းထံပေးအပ်ရမည်"**ဟုလည်းကောင်း ဖော်ပြထားပါသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၂၇(၁) တွင် **"မှတ်ပုံတင်ထားသူ တစ်ဦးတစ်ယောက်သည် မှတ်ပုံတင်သည့်အချိန်အခါ၌ ပေးထားသော မှတ်ပုံတင်ထားသည့် လိပ်စာမှတစ်ပါး၊ အခြားအကြောင်းအရာ တစ်ခုခုနှင့်ပတ်သက်၍ ပြောင်းလဲခြင်းရှိခဲ့သော် ထိုသို့ ပြောင်းလဲချက်ကို နည်းဥပဒေခွဲ (၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အကြောင်းကြားရမည်"**ဟုလည်းကောင်း၊ နည်းဥပဒေ ၂၇ (၂)တွင် **"လူတစ်ဦးတစ်ယောက်သည် ထိုသို့ပြောင်းလဲပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပြောင်းလဲချက်ကို ဆိုင်ရာစာရင်းထိန်းထံ စာဖြင့်ရေးသားတိုင်ကြားရမည်။ ထိုသို့တိုင်ကြားသည်နှင့်တစ်ပြိုင်နက် မိမိလက်တွင်ရှိသော သက်သေခံကတ်ပြားကို သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို ဆိုင်ရာစာရင်းထိန်းထံပေးအပ်ရမည်"**ဟုလည်းကောင်း ဖော်ပြထားပါသည်။ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်ရာ နိုင်ငံအတွင်းနေထိုင်သူများသည် နေထိုင်သည့် နေရပ်လိပ်စာပြောင်းသွားပါက ဖော်ပြပါမှတ်ပုံတင်ရေးနည်းဥပဒေ ၂၇ (၁)နှင့် (၂)ပါအတိုင်း သတင်းပို့အကြောင်းကြားရမည် ဖြစ်ပါသည်။ သို့မှသာ ပြောင်းရွှေ့ရောက်ရှိသော မြို့နယ်၏ မဲစာရင်းတွင်ပါဝင်မည်ဖြစ်သည်။

## အခြေခံလူဦးရေစာရင်းများပြုစုခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများပြုစုနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ နယ်မြေဒေသအချို့မှအပ ၂၀၂၁ ခုနှစ် ဩဂုတ်လမှ စတင်ဆောင်ရွက်ခဲ့ရာ မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းသည် ၂၀၂၂ ခုနှစ် မေလတွင် ပြီးစီးခဲ့ပါသည်။ မြေပြင်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများပြီးဆုံးပြီးနောက် ရရှိလာသောလူဦးရေ စာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ကတ်ထပ်နေသူများ၊ နိုင်ကတ်မရှိသူများ/ မပြည့်စုံသူများ၊ အသက် (၁၈) နှစ်အထက်၊ အသက် (၁၈) နှစ်အောက်ရှိသူများ၊ မွေးသက္ကရာဇ်မပြည့်စုံသူများ၊ မွေးရက် မွေးလ ထပ်နေသူများ စသည်တို့ကို ခွဲခြားစိစစ်ခဲ့ပါသည်။ အဆိုပါ စိစစ်ချက်များကိုအခြေခံ၍ မြို့နယ်များအလိုက် အင်အားအတိုးအလျှော့ ပြောင်းလဲမှုများအား အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် သက်ဆိုင်ရာ ဌာနများနှင့်ပူးပေါင်း၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်ကာ လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြေပြင်နှင့်တိုက်ဆိုင်စိစစ်၍ ရရှိလာသောလူဦးရေစာရင်းများကိုစိစစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အစိုးရအဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးများသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ပေးပို့ခဲ့သောလူဦးရေစာရင်းများ မှန်ကန်စေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးများက လစဉ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

နိဂုံးချုပ်အနေဖြင့် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးမဆုံးရှုံးစေရန်အတွက် ဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လစဉ်လူဦးရေစာရင်းများကို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

(ခ) မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးတို့၏ လူဦးရေစာရင်းများမှန်ကန်ရန်မှာ အဓိကအရေးကြီး၍ သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မဲဆန္ဒရှင်များသည် အခြေစိုက်နေထိုင်ရာမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆)(အထစ)ရှိမှသာ မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါသည်။

(ဃ) ပြောင်းရွှေ့ရောက်ရှိရာမြို့နယ်တွင် ဆန္ဒမဲပေးလိုပါက ပြောင်းရွှေ့ရောက်ရှိသော မြို့နယ်သို့အိမ်ထောင်စုလူဦးရေစာရင်း လ ဝ က ပုံစံ(၆၆/၆)(အထစ) ပြောင်းရွှေ့မှ ၎င်းမြို့နယ်၏မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါသည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)နှင့်ပုံစံ (၂)တို့ဖြင့် ပူးတွဲကြေညာပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။

(စ) မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ရေးနှင့် ဆန္ဒမဲပေးနိုင်ရန်အတွက် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရ လက်မှတ်နှင့် အမျိုးသားမှတ်ပုံတင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်ထားမှ မဲပေးနိုင်မည်ဖြစ်သည်။

(ဆ) ဒီမိုကရေစီစနစ်ကျင့်သုံးသောမြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပြီး လိုက်နာရမည့် တာဝန်များလည်းရှိသည်ဖြစ်ရာ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။ ။

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက်၈ နာရီတွင်ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

**ဆောင်ရွက်တော်မူ**

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဓဇက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို စာမျက်နှာ-၉ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုလန္ဒာစရိယက တင်သွင်းလျှောက်ထားပြီး အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပထမအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီ၌ ဆက်လက်ကျင်းပပြီး သာသနာရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်းအလှူရှင်အဖြစ် ဒေါ်ပြုံးဝေသီ (သဒ္ဓမ္မဇောတိကဓဇ)၏ မွေးနေ့ကုသိုလ် အထိမ်းအမှတ်နှင့် နေ့ဆွမ်းအလှူရှင်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း) ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသည့် ဓမ္မမိတ်ဆွေများက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ မျက်စိဝေဒနာရှင်များအား စမ်းသပ်ကုသဆောင်ရွက်ပေးနေမှုနှင့် သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



မြိတ် နိုဝင်ဘာ ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ သီတဂူဇီဝိတ စက္ခုဒါနဆေးရုံတော်တွင် ရဟန်းရှင်လူပြည်သူများအား သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ဦးဆောင်မှုဖြင့် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးများအဖွဲ့က ယနေ့ နံနက်ပိုင်းတွင် မျက်စိရောဂါဝေဒနာများကို စတင်စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

**ကြွရောက်**

မျက်စိရောဂါဝေဒနာများအား စမ်းသပ်ခွဲစိတ်ကုသပေးရန်အတွက် ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယသာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ အရှင်သူမြတ်သည် မျက်စိအထူးကုဆရာဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့သို့ကြွရောက်လာသည်။

သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်တွင် ရဟန်းရှင်လူပြည်သူများ၏ မျက်စိရောဂါဝေဒနာများကို အမြင်စမ်းသပ်ခန်း၊ မျက်တွင်းမှန်တိုင်းခြင်း၊ ရေချိန်တိုင်းခြင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိစမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက်နေမှုများအား သီတဂူဆရာတော်ကြီးနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး မျက်စိဝေဒနာရှင်များအား ဆရာတော်ကြီးက အားပေးစကားများ မိန့်ကြားသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက မြိတ်မြို့ သီတဂူ ဇီဝိတဒါန စက္ခုဒါနဆေးရုံတော်ကြီးဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးကြသည်။ သီတဂူဇီဝိတ စက္ခုဒါနဆေးရုံတွင် မျက်စိရောဂါဝေဒနာများကို စမ်းသပ်ခွဲစိတ်ကုသပေးမည့် ဆေးရုံခွဲစိတ်ခန်းနားနေဆောင် အဆောက်အအုံများ ပြင်ဆင်ထားရှိပြီး မျက်စိခွဲစိတ်ကုသပေးမည့်စက် သုံးစုံ၊ ခွဲစိတ်ခုတင်လေးလုံး၊ ရေတိမ်စမ်းသပ်စက် တစ်လုံး၊ ပါဝါစမ်းသပ်စက် တစ်လုံး၊ မျက်စိအခြားရောဂါ စမ်းသပ်စက် တစ်လုံးတို့ဖြင့် မျက်စိရောဂါဝေဒနာရှင်များအား အထူးကုဆရာဝန်ကြီးများက စမ်းသပ်စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မျက်စိရောဂါဝေဒနာများကို ဆေးကုသမှု ခံယူရန် စာရင်းပေးထားရှိသူ ၁၇၀၀ ကျော်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးနဲမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



မိုးနဲ နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**တန်ဖိုးထားမြတ်နိုး**

ရှေးဦးစွာ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေမာက အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်လာပုံ သမိုင်းကြောင်းများ၊ မျိုးချစ်ကျောင်းသားခေါင်းဆောင်ကြီးများ၏ စိတ်အားထက်သန်စွာ ကြိုးစားခဲ့ကြပုံများ၊ အမျိုးသားအောင်ပွဲနေ့အား အစဉ်သတိရ၍ တန်ဖိုးထားမြတ်နိုးကြရန်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွှန့်ရွှေက မိမိတို့ဌာနအနေဖြင့် ပြည်သူများအား အသိပညာဗဟုသုတများရရှိစေသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်သည့် အသိပညာဗဟုသုတများ ကြွယ်ဝစေရန် ယခုဟောပြောပွဲအား ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ (မိုးနဲ)**

# မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ် မိန့်ကြားတော်မူအပ်သော အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် (၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) အင်္ဂါနေ့]

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့သည် ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်းကျန်းမာချမ်းသာစွာဖြင့် **"သာသနာတော် သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး"** ဟူသော သာသနာတော်အရေးသုံးပါးတို့ကို ကြိုးစားအားထုတ်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမအာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သအပ်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

တပည့်တော်တို့ သဗ္ဗညုတဉာဏ်ရှင် ဂေါတမဘုရားရှင်သည် ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူစဉ်က သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူစဉ်ကပင် သာဝကပါရမီဉာဏ်ဖြင့် နိဗ္ဗာန်သောင်နန်း တစ်ဖက်ကမ်းသို့ ကူးယူလျှင် ရနိုင်သော်လည်း တစ်ဦးတည်းကူးမြောက်လျှင် အကျိုးမများနိုင်၊ သဗ္ဗညုတရွှေဉာဏ်တော်ကို ရယူနိုင်ပါမှ တရားမြတ်ဒေသနာဖောင်စကြာဖြင့် သတ္တဝါဝေနေယျတို့ကို သံသရာဝဲဂယက်မှ ထုတ်ဆောင်ပြီး အမတခေမာကျွန်းသာယာသို့ တင်ကာပို့မည် စိတ်ကရည်၍ **"တိဏ္ဏော တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ"** ဟူသော သုံးခွန်းသောစကားတို့ကို ရွှေနှုတ်တော်ဖွင့် ကျူးရင့်တော်မူကာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလကြာအောင် လူသာမန်တို့ အလွန်တရာ ရှာမှီးနိုင်ခဲသော ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါးစသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလျက် သဘာဝတရားတို့၏ အဆုံးစွန်သောသဘောလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ သိခြင်းငှာ စွမ်းနိုင်သော "သမ္မာသမ္ဗောဓိ" ဆုကြီးကို ဆွတ်ခူးအောင်မြင်တော်မူခဲ့ပါသည်ဘုရား။

သတ္တဝါဝေနေယျတို့ အကျိုးစီးပွားဖြစ်ထွန်းဖို့ရန် ထားရစ်တော်မူခဲ့သော မြတ်စွာဘုရားရှင်၏ အဆုံးအမဒေသနာတော်တို့သည် ရှေးမဟာထေရ်အစဉ်အဆက်တို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ခဲ့၍သာ တပည့်တော်တို့အနေဖြင့် ယခုလို သာသနာတော်မြတ်ကြီး၏ "သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေး" ဟူသော တာဝန်ကြီးသုံးရပ်တို့ကို ဘုန်းကံတရား ကြီးမားစွာဖြင့် ထမ်းဆောင်ခွင့်ရနေကြခြင်း ဖြစ်ပါသည်ဘုရား။

ယင်းသို့ထမ်းဆောင်ကြရာ၌လည်း ရှေ့တန်းမှ မားမားရပ်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွင် တာဝန်ယူ ထမ်းဆောင်ခွင့်ရကြခြင်းသည် ဘဝသံသရာဝယ် ကြီးကျယ်မြင့်မြတ်လှသော တာဝန်ကြီးကို ထမ်းဆောင်နေကြရခြင်းဖြစ်သည်ဟု မှတ်ယူစေချင်ပါသည်ဘုရား။ ဘုရားရှင်၏တပည့်သားသာဝက အဆက်ဆက်တို့ ခေတ်အဆက်ဆက် တာဝန်ကျေကျေ ထမ်းဆောင်ခဲ့ကြ၍သာ ယနေ့အချိန်ထိတိုင်အောင် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ် တည်ရှိနေခြင်းဖြစ်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

ထိုသို့ သဗ္ဗညုတဘုရားရှင်၏ သာသနာတော်မြတ်ကြီး နှစ်ငါးထောင်မက တည်တံ့နေစေရန် သံဃာ့အဖွဲ့အစည်းကြီးတွင် ထိပ်ဆုံးနေရာမှ ပါဝင်ကာ တာဝန်ယူထမ်းဆောင်နေကြသော ဘုရားတပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်များအနေဖြင့်လည်း ကိုယ်တိုင်လည်း စွမ်းအားရှိသမျှ လုံ့လကြိုးကုတ်အားထုတ်ကြသလို တပည့်တော်တို့၏ မျိုးဆက်သစ် ရှင်ငယ်၊ ရဟန်းငယ်တို့အား လိုက်နာကျင့်သုံးစေရာ၌ဖြစ်စေ၊ တပည့်ဒါယကာ၊ ဒါယိကာမတို့အား ကမ္မဋ္ဌာန်းပေးရာ၌ဖြစ်စေ အမှားအယွင်း အတိမ်းအစောင်းကင်းစေရန်နှင့် ရှင်ငယ်၊ ရဟန်းငယ်တို့အား ထိန်းကျောင်းရာ၌ လွယ်ကူချောမွေ့စေရန် **"ပဋိပတ် မကင်းသော ပရိယတ်ဖြစ်ရန် လိုအပ်သလို ပရိယတ်မကင်းသော ပဋိပတ်ဖြစ်ရန်လည်း အထူးလိုအပ်လျက်ရှိသည်"** ဆိုသည့်အချက်ကို သတိချပ်ရမည်ဖြစ်ပါသည်ဘုရား။

ထို့အတူ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက အရှင်မြတ်တို့အနေဖြင့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာတွင် မှန်ကန်တည့်မတ်စေဖို့အတွက် အပ္ပမာဒတရား လက်ကိုင်ထားကာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ဆောင်ရွက်ရမည်ဖြစ်သည်ကိုလည်း အထူးအလေးထား လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့သည်–

**ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။**

**ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စဋ္ဌာနေ နိယောဇကော** – ဟူသော အင်္ဂုတ္တရပါဠိတော်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ်၊ ဒုတိယမိတ္တသုတ်၌လာသော ပိယ၊ ဂရု၊ ဘာဝနီယ စသောဂုဏ်အင်္ဂါအရည်အချင်း ခုနစ်ရပ်တို့နှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ်အားထုတ်ဆောင်ရွက်သင့်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။ ယင်းဂုဏ်အင်္ဂါ ခုနစ်ရပ်တို့တွင်–

(၁) **ပိယဂုဏ်**ဆိုသည်မှာ သီတင်းသုံးဖော်တို့က ချစ်ခင်နှစ်လို ကြည်ညိုအပ်သော ဂုဏ်ဖြစ်ပါသည်။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ချစ်ခင်နှစ်လို ကြည်ညိုမှု၊ ရဟန်းရှင်လူပြည်သူပြည်သားများ၏ ချစ်ခင်နှစ်လို ကြည်ညိုမှုကို ခံထိုက်သောပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။

(၂) **ဂရုဂုဏ်**ဆိုသည်မှာ သီတင်းသုံးဖော်တို့က ရိုသေလေးစားအပ်သော ဂုဏ်ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၏ ရိုသေလေးစားမှု၊ ရဟန်းရှင်လူပြည်သူပြည်သားအများစု၏ ရိုသေလေးစားမှုကို ခံထိုက်သော ဂရုဂုဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များ ဖြစ်စေကြရပါမည်ဘုရား။



(၃) **ဘာဝနီယဂုဏ်ဆိုသည်မှာ "ဘာဝနီယော တိ အဒ္ဓါ အယမာယသ္မာ ဇာနံ ဇာနာတိ၊ ပဿံ ပဿတီတိ သမ္ဘာဝနီယော"** ဟူသော အဋ္ဌကထာအဖွင့်အရ "ဤအရှင်သည် မချွတ်ဧကန် သိသင့်သည်ကို သိတတ်၊ မြင်သင့်သည်ကို မြင်တတ်ပါပေသည်" ဟု ချီးမွမ်းထိုက်သောဂုဏ် ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများစုက "ဤဆရာတော်များသည် ဓမ္မဝိနယနှင့် ညီ/မညီစသည့် သိမြင်သင့် သိမြင်ထိုက်သည်များကို သိမြင်တော်မူကြသည့် ဆရာတော်များ ဖြစ်ကြပါပေသည်။ သိမြင်တော်မူကြသည့်အတိုင်း ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်တော်မူကြသော ဆရာတော်များဖြစ်ကြပါပေသည်" ဟု ချီးမွမ်းထိုက်သည့် ဘာဝနီယဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၄) **ဝတ္တာဂုဏ်ဆိုသည်မှာ "ဝတ္တာတိ ဝစနကုသလော"** ဟူသော အဋ္ဌကထာ အဖွင့်အရ စကားအရာ၌ လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ဂုဏ်ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်၊ ရဟန်းရှင်လူ၊ ပြည်သူအများနှင့် ဆက်ဆံပြောဆိုနေကြရသော ပုဂ္ဂိုလ်များဖြစ်သည့် အားလျော်စွာ စကားပြောဆိုရာတွင် လိမ္မာပါးနပ်စွာပြောဆိုဆက်ဆံနိုင်သော ဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။

(၅) **ဝစနက္ခမဂုဏ်ဆိုသည်မှာ "ဝစနက္ခမောတိ ဝစနံ ခမတိ၊ ဒိန္နံ ဩဝါဒံ ကရောတိ"** ဟူသော အဋ္ဌကထာအဖွင့်အရ ပညာရှိသူများ၏ ပြောဆိုဆုံးမမှုကို နာခံနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမ ဩဝါဒကို လိုက်နာပြုကျင့်နိုင်သည့်ဂုဏ် ဖြစ်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ အခြားဩဇာတိက္ကမရှိသော ပညာရှိဆရာတော်ကြီးများ၏ ပြောဆိုဆုံးမမှုကို ခံယူနိုင်သည့်ဂုဏ်၊ ပြောဆိုဆုံးမဩဝါဒကို လိုက်နာ ကျင့်ဆောင်နိုင်သည့်ဂုဏ်နှင့် ပြည့်စုံစေကြရပါမည်ဘုရား။ ထို့အပြင် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့တို့က ပြဋ္ဌာန်းထားသော စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဆက်ဆက်က ထုတ်ပြန်ထားသော ညွှန်ကြားချက်၊ ညွှန်ကြားလွှာများကိုလည်း မိမိတို့ကိုယ်တိုင်က လေးလေးစားစား တိတိကျကျ လိုက်နာဆောင်ရွက်ကြရမည် ဖြစ်ပါသည်ဘုရား။

(၆) **ဂမ္ဘီရကထာကတ္တုဂုဏ် ဆိုသည်မှာ "ဂမ္ဘီရန္တိ ဂုယှံ ရဟဿံ ဈာန နိဿိတံ ဝိပဿနာမဂ္ဂဖလ နိဗ္ဗာနနိဿိတံ"** ဟူသော အဋ္ဌကထာ အဖွင့်အရ သိမ်မွေ့နက်နဲသော ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်နှင့် စပ်သောစကားကို ပြောဆိုသမှုပြုလုပ်တတ်သောဂုဏ် ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ရှိ သံဃနာယကအဖွဲ့များ၏ လုပ်ငန်းအရ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုတို့ကိုလည်း အလျော်အားဖြင့် သွင်းယူသင့်ပါသည်ဘုရား။ သို့ဖြစ်၍ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာ နာယကဆရာတော်များ၏ စဉ်းစားတွေးခေါ်မှု၊ မိန့်ကြားပြောဆိုမှု၊ ပြုမူဆောင်ရွက်မှုဟူသမျှတို့သည် မဟာနာယကအဖွဲ့၏ ဂုဏ်ရည်နှင့် ညီမျှအောင် လေးနက်မှု၊ လျော်ကန်သင့်မြတ်မှုရှိစေရန် သတိထားပြုသင့်ပါကြောင်း လျှောက်ထားလိုပါသည် ဘုရား။

(၇) **အဋ္ဌာန အနိယောဇနဂုဏ်**ဆိုသည်မှာ စေခိုင်းတိုက်တွန်းသင့်သော အရာဌာနမဟုတ်သည့် အကျိုးမဲ့လုပ်ရပ်များ၌ "မစေခိုင်း၊ မတိုက်တွန်းသည့်ဂုဏ်" ဖြစ်ပါသည်။ တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် သံဃာ့အဖွဲ့အစည်း၊ ရဟန်းရှင်လူတို့ကို သင့်လျော်ရာဌာနမဟုတ်သည့် အကျိုးမဲ့ကိစ္စများ၌ မစေခိုင်း မတိုက်တွန်းမိစေရန် လျှောက်ထားလိုပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယက ဆရာတော် အရှင်မြတ်တို့ဘုရား–**

ဤဂုဏ်အင်္ဂါအရည်အချင်း ခုနစ်ရပ်တို့သည် တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ အမြဲလက်ကိုင်ပြုကာ လိုက်နာကျင့်သုံးရမည့် မြတ်စွာဘုရားရှင်၏ နည်းပေးလမ်းညွှန်ချက်များဖြစ်ပါကြောင်း လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား–**

နိဂုံးချုပ်အနေဖြင့် လျှောက်ထားလိုသည်မှာ ဘုရားရှင်နှင့် ရှေးရှေး ကျေးဇူးတော်ရှင် ဆရာထေရ်ရှင်တို့၏ ကျေးဇူးဂုဏ်များကို တတ်နိုင်သမျှ ကျေပွန်အောင် ဆပ်နိုင်ဖို့ဆိုလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အဓွန့်ရှည်အောင် ထမ်းဆောင်နေကြရန်သာ ဖြစ်ပါသည်ဘုရား။ သို့ဖြစ်ရာ ဘုရားတပည့်တော် လျှောက်ထားခဲ့သော ပိယ၊ ဂရု၊ ဘာဝနီယ စသော ဂုဏ်အင်္ဂါအရည်အချင်း(၇)ရပ်တို့နှင့်ပြည့်စုံအောင် ကိုယ်တိုင်လည်း ကြိုးစားအားထုတ်၍သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်နှင့် ရဟန်းရှင်လူ ပြည်သူပြည်သားအများကိုလည်း ပြည့်စုံစေရေး တိုက်တွန်းဆုံးမနိုင်ကြရန် လိုအပ်ပါကြောင်း လျှောက်ထားရင်း ဘုရားတပည့်တော်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို နိဂုံးကမွတ် အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

# အလေ့အထမှသည် ဝါသနာ၊ ဝါသနာမှသည် ကောင်းသောစရိုက်သို့

**ဒေါက်တာ မြတ်မိုး**

**လူတို့၏ နေ့စဉ်နေထိုင်မှုပုံစံတွင် ပုံမှန်လမ်းလျှောက်ခြင်းကို အားပေးသင့်ကြသည်။ ပြုကျင့်ရမည့် နေ့စဉ်အလေ့အထတစ်ခုအဖြစ် ဝီရိယထား၊ အလေးထား ကြိုးစားသင့်ကြသည်။ လေ့ကျင့်ခန်းမျိုးစုံရှိသော်လည်း အသက်အရွယ်အရ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းကဲ့သို့ မိမိကျန်းမာရေးအတွက် လုံခြုံမှု၊ စောင့်ရှောက်မှုအပြည့်အဝပေးနိုင်သည့် လေ့ကျင့်ခန်းမျိုးမရှိဟုမြင်ပါသည်။ နံနက်စောစော နာရီဝက်ခန့် လမ်းလျှောက်ပြီးစီးသည်နှင့် ပြုလုပ်ရမည့် တစ်နေ့တာ နိစ္စဓူဝကိစ္စများ ပြီးမြောက်အောင်မြင်အောင် လုပ်နိုင်စွမ်းပိုရှိလာသည်။**



အလုပ်ကို တွန်းအားပေးသည့် ရုပ်ပိုင်း၊ စိတ်ပိုင်း စွမ်းအားများ မိမိထံ ကိန်းအောင်းလာသည်မှာလည်း လမ်းလျှောက်ခြင်း၏ အကျိုးရလဒ်တစ်ခုပင်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးအတွက် လမ်းလျှောက်ချင်စိတ်လေးတစ်ခုကို မိမိကိုယ်မိမိ ဦးစွာပျိုးထောင်ပေးစေလိုသည်။ ဘယ်လိုမှ မအားဘူးဆိုလျှင်တောင် နံနက်စောစော မိနစ် ၃၀ ခန့် ကြိုတင်အိပ်ရာမှထပြီး လမ်းလျှောက်ရန် အချိန်လေးတစ်ခု၊ လမ်းလျှောက်ခြင်းဖြင့် တစ်နေ့တာဘဝ ခရီးစတင်ရန် အခွင့်အလမ်းတစ်ခုကိုတော့ ထားရှိစေချင်ပါသည်။

### တစ်ရက်လျှင် ခြေလှမ်းတစ်သောင်း လျှောက်ကြည့်ပါ

အခွင့်အရေးမသာသည့်ကြားမှ ဂရုစိုက်၍ နေ့စဉ် အကွာအဝေးအတိုများစွာကို Small walks အကြိမ်ပေါင်းများစွာ လျှောက်တတ်သည့် အလေ့အထသည်ပင် များစွာထိရောက်လှပါသည်။ သုတေသီများက ဆိုထားတာရှိသည်။ တစ်နေ့တစ်နေ့ ခြေလှမ်း ၁၀၀၀၀ လှမ်းလျှောက်နိုင်အောင် ကြိုးစားလေ့ကျင့်ရန်နှင့် တစ်ရက်ကို ၁၀ မိနစ်ခန့်၊ တစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် ခပ်ပြင်းပြင်းလေး brisk walks (တစ်နာရီလျှင် သုံးမိုင်နှုန်းခန့်) လမ်းလျှောက်ပေးရုံဖြင့် မိမိတို့ကို အကြီးအကျယ် ခြိမ်းခြောက်အန္တရာယ်ပြုနေသည့် အသံတိတ်လူသတ်သမားများဖြစ်သော ဆီးချိုနှင့် သွေးတိုးရောဂါအန္တရာယ်ကို သိသိသာသာ လျှော့ချပေးနိုင်သည်ဟု ဆိုပါသည်။ သို့သော် ထိုတွေ့ရှိချက် အချို့သည် လမ်းလျှောက်ခြင်း၏အကျိုးကြောင့် ထိုရောဂါများမှ ကင်းဝေးနေသူများအတွက်တော့ အထူးအဆန်း တွေ့ရှိချက်များ မဟုတ်တော့ပါ။

### လမ်းလျှောက်ရန်အခွင့်အရေး ဘယ်လိုဘယ်အခြေအနေမှာ ရယူသင့်ပါသလဲ

လမ်းလျှောက်ရာတွင် အချိန်မပေးနိုင်သူ သို့မဟုတ် စိတ်မပါသူများအတွက်တော့ သူငယ်ချင်းအဖော် လိုကောင်းလိုပါလိမ့်မည်။ ထို့အတွက် လမ်းလျှောက်ရတာ ဝါသနာပါသည့် မိတ်ဆွေ သို့မဟုတ် လမ်းလျှောက်အုပ်စုများနှင့် ဆက်သွယ်မှုယူနိုင်ပါသည်။ တချို့ကလည်း အိမ်မွေးခွေးကလေး အဖော်ပြု၍၊ တချို့ကလည်း နားကြပ်နှင့် ကိုယ်နှစ်သက်ရာ သီချင်းဂီတ ဘာသာစကားတစ်ခုခု စသည်ဖြင့် အကျိုးရှိစွာ တွဲဖက်လိုက်လျှင် လမ်းလျှောက်ရတာ စိတ်ဝင်စားစရာကောင်းလာပါလိမ့်မည်။ အချိန်ပေးနိုင်မည်ဆိုလျှင်... သွားစရာရှိသည့် ဈေးဝယ်သွားတာမျိုး မနီးမဝေးဈေးဆိုင်မျိုး၊ ဘတ်စ်ကားဂိတ်၊ ဘုတာရုံမျိုးဆိုလျှင် လမ်းပဲလျှောက်ရန် အကြံပေးချင်သည်။

ရုံးဝန်ထမ်းများရော အလုပ်သမားများအတွက်ပါ သိပ်မဝေးသည့် လုပ်ငန်းခွင်မျိုး သို့မဟုတ် ဝေးကွာ၍ ဖယ်ရီကြိုပို့ယာဉ်စီးရလျှင်လည်း မိမိအိမ်နှင့် လုပ်ငန်းခွင်ကြား ခရီးအကွာအဝေး တစ်စိတ်တစ်ဒေသကို အကျိုးရှိစွာ လမ်းလျှောက်လိုက်ခြင်းဖြင့် အဆင်ပြေနိုင်ပါသည်။ ဌာနတစ်ခုမှတစ်ခုသို့ မေးလ်ပို့ရမည့်ကိစ္စမျိုးဆိုလျှင် မေးလ်ပို့မည့်အစား လူကိုယ်တိုင်လမ်းလျှောက် စာဖြင့်ပို့ လူချင်းတွေ့ နှုတ်ဖြင့်ပြောဆိုလိုက်ခြင်းဖြင့် လမ်းကြောင်းအတိုလေးများတွင် (Mini walks) သဘော အလုပ်ဖြစ်သွားမည်ဖြစ်သည်။

တချို့ကိစ္စလေးများတွင် ကွန်ပျူတာရှေ့ကြာရှည် စာရိုက်ရသည့်အလုပ်မျိုး မလှုပ်မရှားအထိုင်များခြင်း (Sedentary lifestyle) ထက် နှုတ်ဖြင့် တိုက်ရိုက်ပြောဆိုဆွေးနွေးဖို့ လမ်းလျှောက်လိုက်ရသည့် လှုပ်ရှားမှုမျိုးက မိမိကျန်းမာရေးအတွက် ပို၍ အကျိုးရှိနိုင်ပါသည်။ အချိန်တော့ အနည်းငယ်ပေးရကောင်း ပေးရနိုင်သည်။ ပေးလိုက်ရသည့်အချိန်ကို မိမိရလိုက်သည့် ကျန်းမာရေးအကျိုးကျေးဇူးများဖြင့် ချိန်ဆကြည့်လျှင် တန်သည်ဟု ဆိုနိုင်ပါသည်။

တစ်ခါတစ်ရံ အချိန်ပေးနိုင်သည့် ကိစ္စရပ်များမှာ လမ်းကြောင်းခပ်ရှည်ရှည်ရွေးပြီး လမ်းလျှောက်သည့် အခွင့်အရေးကို အရယူခြင်းဖြင့်လည်း သီးသန့်အချိန်ပေး လမ်းလျှောက်ရမည့်အချိန်ကို လျှော့ချနိုင်ပါသည်။ ဥပမာ– Car Parking မှာ လမ်းလျှောက်ရန် အခွင့်အလမ်းသာမည့် အကွာအဝေးမှာ မိမိကားကို ရပ်ထားခြင်းမျိုး။ ဓာတ်လှေကား သုံးမည့်အစား လှေကားမှတစ်ဆင့် အတက်အဆင်းလုပ်ခြင်းမျိုးဖြစ်သည်။ အချို့မှာ ခြေလှမ်းတိုင်းကိရိယာ/ နာရီ Health watch လေးများ ဝတ်ဆင်ပြီး မိမိ၏ခြေလှမ်း မည်ရွေ့မည်မျှတိုးတက်မှုကို စောင့်ကြည့်စိစစ်ကြသည်လည်း ရှိသည်။ ပိုသေချာသည်မှာ လမ်းလျှောက်မည်ဆိုသည့် အလေ့အထတစ်ခုကို နေ့စဉ်မိမိ၏ အချိန်ဇယားတွင် မဖြစ်မနေလုပ်ရမည့် အရေးကြီးလုပ်ငန်းအစီအစဉ်တစ်ခုအဖြစ် ရေးဆွဲထားသည့် အလေ့အကျင့်မျိုး ထားရှိသင့်ပါသည်။

### အချိန်ရှိတုန်း အခြေအနေပေးတုန်း ကြိုးစားပါ

အထက်ပါအလေ့အထများကား အချို့သူများအတွက် အထူးအဆန်းဖြစ်ကောင်း ဖြစ်နိုင်သော်လည်း မိမိကျန်းမာရေးအတွက် အလေးထား စိုးရိမ်စိတ်ပူတတ်သည့် အချို့သူများအတွက်တော့ အချိန်မရသည့်ကြား၊ လမ်းလျှောက်ရန် အခွင့်အလမ်းမသာသည့်ကြားက အလေ့အထကောင်းတစ်ခုအဖြစ် ကြံဖန်စဉ်းစားဆောင်ရွက်တတ်ကြသည်ကို တွေ့ဖူးကြပါလိမ့်မည်။ အဓိကက မိမိနှင့် မိမိပတ်ဝန်းကျင်ကျန်းမာရေးအတွက်သာ ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး၊ ကျန်းမာခြင်းထက် ပို၍ တန်ဖိုးထားအပ်သောအရာ ဘာမှမရှိဟု ဆိုကြသည်။ ရောဂါဘယပေါင်းစုံခံစားရပြီး သက်တမ်းမစေ့မီ သေဆုံးသူအရေအတွက်က များလာနေသည်။ နှစ်စဉ် လူ ၄၁ သန်းခန့်သည် နှလုံးသွေးကြော၊ ဆီးချို၊ ကင်ဆာ၊ အဆုတ်ရောဂါများကြောင့် သေဆုံးနေကြရသည်။ ခြေထောက်တွေကောင်းတုန်း၊ ဒူးတွေကျန်းမာတုန်း၊ ကြွက်သားတွေသန်တုန်းမြန်တုန်း အချိန်ကောင်းတုန်းမှာ စရိုက်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားမှသာ ယနေ့ခေတ်ရောဂါများနှင့် ယှဉ်လျှင် တော်ကာကျပေမည်။ အဝလွန်၊ ဆီးချို၊ နှလုံး၊ သွေးတိုး၊ လေဖြတ်စသည့် ရောဂါဆိုးများ တစ်ခုခုကြုံရတော့မှ အရေးပေါ်ထပြီး လမ်းလျှောက်ရန် ကြိုးစားလျှင်ဖြင့် နောက်ကျသွားမည်ဖြစ်ကာ ပို၍ ခက်ခဲသော အခြေအနေများနှင့်သာ ရင်ဆိုင်ရတော့မည်ဖြစ်ပါသည်။

> **“ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါး၊ ကျန်းမာခြင်းထက် ပို၍တန်ဖိုးထားအပ်သောအရာ ဘာမှမရှိဟုဆိုကြသည်။ ရောဂါဘယပေါင်းစုံခံစားရပြီး သက်တမ်းမစေ့မီ သေဆုံးသူအရေအတွက်က များလာနေသည်။ ခြေထောက်တွေကောင်းတုန်း၊ ဒူးတွေကျန်းမာတုန်း၊ ကြွက်သားတွေသန်တုန်းမြန်တုန်း အချိန်ကောင်းတုန်းမှာ စရိုက်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားမှသာ ယနေ့ခေတ်ရောဂါများနှင့်ယှဉ်လျှင် တော်ကာကျပေမည်။ အဝလွန်၊ ဆီးချို၊ နှလုံး၊ သွေးတိုး၊ လေဖြတ်စသည့် ရောဂါဆိုးများတစ်ခုခုကြုံရတော့မှ အရေးပေါ်ထပြီး လမ်းလျှောက်ရန်ကြိုးစားလျှင်ဖြင့် နောက်ကျသွားမည်ဖြစ်ကာ ပို၍ခက်ခဲသောအခြေအနေများနှင့်သာ ရင်ဆိုင်ရတော့မည်”**

ဘာကြောင့်များ လေ့ကျင့်ခန်း အမျိုးမျိုး အပြားပြားအနက် ထိုလမ်းလျှောက်ခြင်းတစ်ခုကို ပို၍ညွှန်းဆိုနေရပါလိမ့်ဟု မေးစရာတော့ရှိမည်။ အလွန်တရာလွယ်ကူပြီး ကရိကထလည်းမများ အကူလေ့ကျင့်ခန်း ပစ္စည်းကိရိယာတန်ဆာပလာပင် ထူးထူးထွေထွေ မလိုသည့်အတွက် ဖြစ်သည်။ အရင်းအနှီးမများလှသည့် လမ်းလျှောက်ခြင်းကိုပင် မပြုနိုင်သူသည် အခြားအားကစားနည်းများကို လိုက်စားရန်မှာလည်း အခွင့်အရေးမရှိနိုင်ဟု မြင်မိသည်။ လမ်းလျှောက်ခြင်းဆိုသည့် အလေ့အထတစ်ခုတည်းဖြင့်ပင် အကျိုးကျေးဇူးကား အလွန်များလှသည်။

### စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုနှင့် စိတ်ကျန်းမာရေး

သင့်ရဲ့တစ်နေ့တာခရီးကို ပျော်ပျော်ရွှင်ရွှင်နဲ့ စတင်လိုပါသလား။ နံနက်စောစောအချိန်တစ်ခုကို လမ်းလျှောက်ခြင်းဖြင့် စတင်လိုက်ပါလို့ အကြံပြုပါရစေ၊ တကယ်လည်း အခြားအချိန်များထက် မနက်ခင်းလမ်းလျှောက်ဖို့ကို ပညာရှင်များက အကြံပြုကြသည်။ လမ်းလျှောက်စဉ်မှာ ဦးနှောက်ရှိ အင်ဒိုဖင် (endorphins) ခေါ် အာရုံကြောဆိုင်ရာ ဓာတုဟော်မုန်းများထွက်ရှိမှုကို အားကောင်းလာစေသည်။ ထိုဓာတုပစ္စည်းက လမ်းလျှောက်ထားသူ၏ တစ်နေ့တာ စိတ်ပိုင်းကြည်လင်ပြတ်သားမှုကို ရရှိစေသည်။ လုပ်ငန်းခွင်မှာ တက်တက်ကြွကြွဖြင့် အာရုံစူးစိုက်မှုကောင်းစေကာ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှု၊ ယုံကြည်မှုများ တိုးတက်လာမှုနှင့်အတူ တီထွင်ဖန်တီးနိုင်စွမ်းကိုလည်း ပေးပါသည်။ စိတ်ဖိစီး စိုးရိမ်သောကနှင့် စိတ်ဓာတ်ကျဆင်းနေမှုများကို လျှော့ချပေးသည့်အတွက် အယ်လ်ဇိုင်းမားအပါအဝင် စိတ်ကျန်းမာရေးကို အထောက်အကူဖြစ်သလို ခန္ဓာကိုယ်နာကျင်မှု တစ်စုံတစ်ရာကိုလည်း သက်သာစေသည်ဟု ဆိုပါသည်။

### ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်မြင့်မားစေ

ထိုဓာတုပစ္စည်းများက သွေးတွင်းသွေးဖြူဥများ၏ လှုပ်ရှားမှုကို အားကောင်းစေသည့်အခါ ခန္ဓာခုခံစွမ်းအားလည်း မြင့်တက်လာပါသည်။ အင်ဒိုဖင်ဟော်မုန်း၏ စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်စွမ်းသတ္တိတစ်မျိုးက မိမိ၏ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသည်ဟု ဆိုထားသည့်အတွက် ယနေ့လိုကာလမျိုး ကိုဗစ်အန္တရာယ်နှင့် ရင်ဆိုင်နေရချိန်၊ ကိုယ်ခံစွမ်းအားမြင့်မားရန်လိုအပ်နေသည့်အခြေအနေမျိုးမှာဆိုလျှင် လမ်းလျှောက်ခြင်းကို ပို၍အာရုံစိုက်သင့်သည်ဟု ဆိုချင်သည်။

ယခုခေတ် ကိုဗစ်ဖြစ်ပြီးလူနာများ ခုခံစွမ်းအားမြင့်မားရန် လိုအပ်နေသည့် အခြေအနေမျိုးတွင် နေ့စဉ်လမ်းပုံမှန်လျှောက်ပေးခြင်းက ကိုဗစ်နောက်ဆက်တွဲဝေဒနာများကို ပို၍သက်သာစေသည်ဟု သုတေသနပြုချက်များက တွေ့ရှိထားသည့်အတွက် ကိုဗစ်ဖြစ်ပြီး လူနာများကို လမ်းလျှောက်ကြရန် တိုက်တွန်းလိုပါသည်။ ထို့ပြင် လူကြီး လူငယ်မရွေး လူတိုင်းက အရေပြားကျန်းမာရေးကို ဂရုစိုက်ကြသည်။ အရွယ်နှင့်ယှဉ်၍ နုနယ်ပျိုမျစ်ခြင်းကို လမ်းလျှောက်ခြင်းက အထောက်အကူပေးပါသည်။ အကြောင်းမှာ ကိုယ်လက်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည့် ခန္ဓာဆဲလ် အက်တမ်ဖြစ်စဉ်များမှတစ်ဆင့် အီလက်ထရွန်ဆုံးရှုံးမှုကို ကာကွယ်ပေးသည့် အင်တီအောက်ဆီဒင့်များ တိုးပွားလာသည့်အတွက် ဖြစ်ပါသည်။

စာမျက်နှာ ၁၁ သို့ ☆

## နေ့သင်တန်းများအတွက် ကျောင်းအပ်လက်ခံ

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၁၀-၁၁-၂၀၂၂) ရက်နေ့၌ ဖွင့်လှစ်ခဲ့သော ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒုတိယနှစ်မှ မဟာဘွဲ့ သင်တန်းများအထိ နေ့သင်တန်းများအတွက် ကျောင်းအပ်လက်ခံခြင်းကို (၃၀-၁၁-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော (၃၀-၁၁-၂၀၂၂) ရက်နေ့ ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

**အဆင့်မြင့်ပညာဦးစီးဌာန**



## တိုက်ကြီးမြို့နယ်၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ဟောပြော

**တိုက်ကြီး နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(တိုက်ကြီး) အနော်ရထာခန်းမ၌ (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျင်းပခဲ့ရာ တိုက်ကြီးခရိုင် ပညာရေးမှူး ဒေါ်သီတာမင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်စန်းကလျာခိုင်က အသိပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ Grade-10 (A) မှ မောင်ဘုန်းညီငယ်နှင့် Grade-9(D)မှ မနှင်းယုဝေတို့က အမျိုးသားအောင်ပွဲနေ့ ပေါ်ပေါက်လာပုံအကြောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရန်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**အချိန်မီရိုက်နှိပ်ဖြန့်ချိနိုင်ရေး**

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ယခုနှစ်တွင် အတန်းလိုက် ဘာသာစုံပုံနှိပ်စာအုပ်များကို အချိန်မီရိုက်နှိပ်ဖြန့်ချိနိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဖြန့်ဝေထားသည့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများနှင့် လုပ်ငန်းဆောင်ရွက်မည့်အပေါ်တွင် အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသုံးစာအုပ်များကို စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဖြင့် ပုံနှိပ်ဖြန့်ချိဆောင်ရွက်နိုင်မည့် လုပ်ငန်းရှင်များ ရွေးချယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီအတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက အကြံပြုဖြည့်စွက်ဆွေးနွေးကြကာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းခင်းစီမံချက်(၂)ဖြင့် သာသနာဝင် စိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ပျဉ်းမနား နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ရွာကောက် ရပ်ကွက် အုန်းတောပရိယတ္တိစာသင်တိုက်ပိဋကတ်တိုက်ပိတုန်းဓမ္မဗိမာန်တော်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နေပြည်တော်တိုင်းရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက် (၂)ဖြင့် သာသနာဝင် စိစစ်ရေးကတ်ပြားများကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ညွှန်ကြားရေးမှူး ဦးကျော်သိန်းဆိုင်နှင့် တာဝန်ရှိသူများက ပျဉ်းမနားမြို့နယ် ရွာကောက် ရပ်ကွက် အုန်းတောပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်သော သာမဏေ ၉၉ ပါးနှင့် ရဟန်း ၁၅ ပါးတို့အား သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်ပေးအပ်ခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူများအတွက် ပန်းခင်းစီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက် ပေးနေသည့်အပြင် သာသနာ့ တာဝန်များကို ထမ်းဆောင်နေသည့် သာသနာဝင်၊ သာသနာ့နွယ်ဝင်များကိုလည်း သာသနာဝင် စိစစ်ရေးကတ်ပြား၊ သာသနာ့နွယ်ဝင် စိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၀ မှ

**နှလုံးသွေးကြောရောဂါဖြစ်ပွားမှု လျော့ပါးနိုင်ခြေ**

ထို့ပြင် နံနက်ပိုင်းမှာ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာတွင်းကထုတ်လုပ်လိုက်သည့် ဒိုပါမင်း၊ နော်အပီနက်ဖရင်၊ ဆီရိုတိုနင်စသည့် ဓာတုဟော်မုန်းများက အစာစားချင်စိတ် တောင့်တမှုကိုဖြစ်စေပြီး ညဘက်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်မှုကိုဖြစ်စေသည်။ အက်ဒရီနလင်ဟုခေါ်သည့် ဟော်မုန်းတစ်မျိုးလည်းရှိသေးသည်၊ သူကတော့ နှလုံးညှစ်အားကို လှုံ့ဆော်မှုပေးပြီး သွေးကြောမျှင်များ ပွင့်၍ သွေးစီးဆင်းမှုကို အားကောင်းလာစေသည်။ သွေးစီးသွေးလာကောင်းရုံမက အသက်ရှူခြင်းကိုလည်းအားပေးသည်။ ပြင်ပလေကို ရှူရှိုက်ပြီး ခြေလှမ်းမြန်မြန်လျှောက်လေ အသက်ရှူပြင်းလေ၊ သွေးတွင်း အောက်ဆီဂျင်ကိုပိုရလေဖြစ်ပြီး နှလုံးကို ပို၍အားကောင်းစေသည့်အပြင် အဆုတ်ကိုလည်း ပို၍သန်မာစေပါသည်။ ဓာတုဟော်မုန်းအချို့ကြောင့် သွေးတွင်းအောက်ဆီဂျင်ပမာဏ မြင့်တက်လာခြင်းသည် ခန္ဓာကိုယ်စွမ်းအင်ကိုလည်း တိုးတက်မြင့်မားလာစေပါသည်။ ခန္ဓာကိုယ်တွင်ရှိနေသော ချွေးဂလင်းသန်းပေါင်းများစွာက ထုတ်လိုက်သည့်ချွေးကြောင့် ကိုယ်ခန္ဓာ၏ အပူချိန်အတက်အကျကို ထိန်းညှိပြီးဖြစ်သည်ကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်မှာကို လူတိုင်းကြောက်ရွံ့ကြသော်လည်း ပုံမှန်လမ်းလျှောက်ခြင်းက ယင်းရောဂါများဖြစ်နိုင်သည့် အန္တရာယ်ကို လျော့ပါးသွားစေသည်ကတော့ သေချာပါသည်။ လမ်းလျှောက်စဉ် သွေးလည်ပတ်မှုအားကောင်းနေပြီး နှလုံးခုန်နှုန်းမြန်ကာ သွေးဖိအားကို လျော့ကျလာစေသည်။ နှလုံးကျန်းမာရေး တိုးတက်လာသလို သွေးတွင်းအဆီပမာဏကလည်း လျော့ကျသွားသည်။ အကျိုးပြုအဆီပမာဏကို ပိုများလာစေပြီး အကျိုးမပြုအဆီပမာဏကို ဖယ်ရှားပေးနိုင်ခြင်းသည် လမ်းလျှောက်ခြင်း၏ ရလဒ်တစ်ခုပင်ဖြစ်သည်။ သွေးလည်ပတ်မှုအားကောင်းပြီး ရှိသင့်ရှိထိုက်သော ခန္ဓာတွင်းအဆီပမာဏ ပုံမှန်ရှိနေခြင်းသည် နှလုံးသွေးကြောကျဉ်း/ပိတ်ရောဂါနှင့် လေဖြတ်သည့် အန္တရာယ်ကို များစွာ လျော့ပါးသွားစေသည်ဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။

**အရိုးအဆစ်ကြွက်သားများကိုလည်း သန်မာစေ**

လမ်းလျှောက်ခြင်းက အရိုးအဆစ်များကို ပို၍သန်မာစေပါသည်။ အစားထိုး ခန္ဓာတစ်သျှူးများဖြစ်ထွန်းမှုနှင့်အတူ ကယ်လ်ဆီယမ်လျော့နည်းလာမှုကို တားဆီးပေးနိုင်ခြင်းက အရိုးကိုပို၍ သိပ်သည်းစေပြီး နောင်တွင် အရိုးပွရောဂါဖြစ်မည့်ဘေး၊ အရွယ်အိုပေါင်ရိုးကျိုးခြင်းဘေးများမှ ရှောင်ရှားနိုင်ပါသည်။ လမ်းလျှောက်ခြင်းက ခန္ဓာကိုယ်အောက်ပိုင်းကို ပို၍သန်မာစေပြီး ခန္ဓာကိုယ်အစိတ်အပိုင်းများ တစ်ခုနှင့်တစ်ခု ဟန်ချက်ညီနေရန် အကူအညီပေးနေသကဲ့သို့ လမ်းလျှောက်သည့်အခါ အရိုးအဆစ်တစ်ခုနှင့်တစ်ခုအကြား ချောဆီကို အားဖြည့်ပေးသလိုဖြစ်သည့်အတွက် အရိုးကျီးပေါင်းနှင့် အဆစ်များ ရောင်ရမ်းနာကျင်ခြင်းကိုလည်း များစွာလျော့ပါးသက်သာစေသည်ဟု ဆိုပါသည်။ နာတာရှည်လူနာများ ပြန်လည်နာလန်ထရေးအစီအစဉ်မှာလည်း လမ်းလျှောက်လေ့ကျင့်ခန်းက မပါမဖြစ်ပါ။ အထူးသဖြင့် အဆစ်အစားထိုး ကုသခံထားရသူများ၊ လေဖြတ်ဝေဒနာရှင်များ၊ အချို့သော နှလုံးရောဂါသည်များ၊ သွေးပြန်ကြောထုံးလူနာများအတွက် လမ်းလျှောက်ပေးခြင်းက လူနာကို ပို၍ တည်ငြိမ်မှုရှိစေပြီး ပိုပြီးလည်းနာလန်ထမြန်စေသည်ကို တွေ့ရှိရပါသည်။

**အဝလွန်ခြင်းနှင့် သွေးတွင်းအချိုဓာတ်ပမာဏကို ထိန်းညှိပေးနိုင်**

မိမိကိုယ်ခန္ဓာအလေးချိန်ကို ထိန်းထားရန်၊ ကိုယ်အလေးချိန်တက်နေပြီး အဝလွန်၍ ကိုယ်အလေးချိန်ကို လျှော့ချရန် လိုအပ်ချက်နှင့် လမ်းလျှောက်ခြင်း ဆက်စပ်မှုရှိသည်ကို အတော်များများက သိရှိထားပြီးဖြစ်သည်။ လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်အလေးချိန် လျော့ကျပြီး အဆီထုထည်ကိုပါ လျော့ကျသွားစေခြင်းက အင်ဆူလင်၏တုံ့ပြန်မှုကို ထိန်းညှိနိုင်ပြီး ဆီးချိအမျိုးအစား ၂ မဖြစ်အောင်ကြိုတင်ကာကွယ်ကုသမှုကို ထိရောက်စေပါသည်။

မိမိကိုယ်အလေးချိန်ကို မိမိကိုယ်တိုင်ထိန်းသိမ်းပြီး အစားအသောက်၊ လေ့ကျင့်ခန်းနှင့် နေ့စဉ်နေထိုင်မှုပုံစံကို စနစ်တကျ စီမံခန့်ခွဲနိုင်စွမ်းရှိခြင်းသည် ကိုယ်အလေးချိန်တက်၍ သွေးတွင်းအချိုဓာတ်ပမာဏမြင့်မားခြင်းမှတစ်ဆင့် ဖြစ်ပေါ်လာသော ဆီးချိရောဂါအပါအဝင် နောက်ဆက်တွဲကျန်းမာရေး ပြဿနာများစွာကို ကြိုတင်ကာကွယ်မှု ပြုနိုင်ပါသည်။ ကိုယ်အလေးချိန် ထိန်းသိမ်းရန်အတွက် ကယ်လိုရီများများ လောင်ကျွမ်းစေရန် ရည်ရွယ်ချက်ရှိသည်ဆိုလျှင် လမ်းလျှောက်သည့် အမြန်နှုန်း၊ အကွာအဝေး၊ မြေပြင်အနေအထားများအပေါ် တွက်ချက်လျှောက်လှမ်းသင့်သည့် လိုအပ်ချက်များလည်း ရှိလာနိုင်ပါသည်။

လမ်းလျှောက်ခြင်းအတွက် သုတေသနတွေ့ရှိချက်အမျိုးမျိုးလည်း ထွက်ပေါ်နေသည်။ မျိုးရိုးဗီဇအဝလွန်သူများအတွက်မူ တစ်နေ့လျှင် တစ်နာရီခန့်ထိ ခပ်ပြင်းပြင်းလမ်းလျှောက်ရန်၊ လမ်းလျှောက်ခြင်းက သွားရောဂါမဖြစ်အောင် ကာကွယ်နိုင်ပုံ၊ ရင်သားကင်ဆာဖြစ်နိုင်ခြေ လျှော့ချနိုင်ပုံ၊ အစာခြေချက်ခြင်းကို ကူညီပုံ၊ တစ်ပတ်လျှင် ငါးမိုင် ခြောက်မိုင်ခန့် လမ်းလျှောက်ခြင်းဖြင့် အဆစ်ရောင်နာကျင်မှုကို လျှော့ချနိုင်ပုံ စသည်စသည် အသစ်တွေ့ရှိမှုများကိုလည်း ဖတ်ရှုလေ့လာနိုင်ပါသည်။

ယခုဆောင်းပါးရေးနေစဉ် မကြာမီကာလမှာပင် ဒီဇင်ဘာလူထု လမ်းလျှောက်ပွဲများလည်း ပျော်ရွှင်စွာ ဆင်နွှဲကြတော့မည်ဟု ယူဆရပါသည်။ တစ်နှစ်မှာတစ်လ၊ တစ်လမှာ တစ်ပတ်တစ်ကြိမ် လူထုနှင့်အတူ ပါဝင်ဆင်နွှဲ၍ လမ်းလျှောက်ခြင်းဟူသည် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးနှင့် အရသာကို အမြည်းသဘောပေးလိုက်ခြင်းသာ ဖြစ်သည်။ အလေ့အကျင့်ကောင်းတစ်ခုကို အစပျိုးပေးလိုက်ခြင်းလည်း ဖြစ်သည်။

အနှစ်သာရမှာ လမ်းလျှောက်ခြင်း၏ အကျိုးတရားများကို အပြည့်အဝသိရှိ နားလည်၍ မိမိ၏ ရုပ်ပိုင်းစိတ်ပိုင်း ကျန်းမာသန်စွမ်းမှုနှင့်အတူ နောင်မလွဲမသွေ ဖြစ်လာနိုင်ခြေများသည့် အနာရောဂါဘေးဘယာများ ကင်းဝေးသွားစေရန်သည်သာ အဓိကဖြစ်ပါသည်။ လမ်းလျှောက်ခြင်းတစ်ခုဖြင့်ပင် သက်တမ်းမတိုင်မီ သေဆုံးနေရသည့် အဓိကတရားခံများကို ကောင်းစွာထိန်းချုပ်နိုင်သည်ဟူသော အသိတရားသည် အရေးကြီးပါသည်။ အသိနှင့်ယှဉ်သောအလုပ်မှန်သမျှ ကောင်းမွန်ပြီး အကျိုးရှိမည်သာဖြစ်သည်။ လူထုနှင့်အတူ ပါဝင်လမ်းလျှောက်ဖြစ်လျှင်လည်း တာဝန်အရ သဘောမထားဘဲ မိမိကျန်းမာရေးအတွက် အဖြေသည် မိမိမှာသာရှိသည်ဆိုသော အသိနှင့်ယှဉ်သည့် အလေ့အထဖြစ်လာအောင် နေ့စဉ်ပုံမှန်ပြုသည့် လေ့ကျင့်မှုမျိုး ဖြစ်လာစေရန် ကြိုးစားသင့်ပါသည်။ အလေ့အကျင့်တစ်ခုက ဝါသနာကိုဖြစ်စေပါသည်။

လမ်းလျှောက်ခြင်းကို ဝါသနာပါလာလျှင် မိမိနှင့် မိမိပတ်ဝန်းကျင် ကျန်းမာရေးကိုပါ ဂရုစိုက်တတ်သည့် စရိုက်ကောင်းများ ပိုမိုဖွံ့ဖြိုးဖြစ်ထွန်းလာမည်ဖြစ်ပြီး ဘဝကို အဓိပ္ပာယ်ရှိရှိ ပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်ကြမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဝန်ထမ်းများ ပျော်ရွှင်အပန်းပြေစေရန် လှည့်လည်ဖျော်ဖြေတင်ဆက်



**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်အစိုးရ၏ ယန္တရားကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ခါတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များက နိုင်ငံကျော်တေးသံရှင်များနှင့်အတူ နေပြည်တော်ရှိဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိရာ နိုဝင်ဘာ ၁၆ ရက် ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၂)၌ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ကျင်းပသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ သွားရောက်ဖျော်ဖြေတင်ဆက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် ညစာစားပွဲနှင့် ဖျော်ဖြေပွဲကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များက မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးကိုယ်တိုင် ပါဝင်သီဆိုတီးခတ်မှုဖြင့်လည်းကောင်း၊ တစ်ခန်းရပ်တေးသရုပ်ဖော်ဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဥ္စလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး မြတ်ဆုချယ်၊ ရှေ့ထွက်မင်းသမီး မြတ်သဇင်သင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇင်ဝိုင်း၊ မျိုးကျော်သူ၊ စိုင်းစည်သူနှင့် ကျော်မင်းစိုးတို့က အငြိမ့်ကပြမှုဖြင့်လည်းကောင်း၊ နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် မိုးယံဇွန်နှင့် ဝေလျှံတို့က တေးသီချင်းများဖြင့်လည်းကောင်း၊ တယောပညာရှင် ဂျူးဂျူးကေ၏ ဖျော်ဖြေမှုဖြင့်လည်းကောင်း တင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များက ပျော်ရွှင်စွာ ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းများနှင့်အတူ ညစာသုံးဆောင်ကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ နိုင်ငံကျော်အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်ကို ကျန်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးသို့လည်း ဆက်လက်သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၆**

တပ်မတော် ပင်လယ်သွား ဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာ (Sinekalone Shutter) တွင် အခြေပြု၍ ဒေသခံပြည်သူ ၁၀၄၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

**ဆေးဝါးကုသမှုများဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၃၆၂ ဦး၊ ခွဲစိတ်ရောဂါ ၇၇ ဦး၊ သားဖွား/ မီးယပ်ရောဂါ၄၇ဦး၊ကလေးရောဂါ ၅၈ ဦး၊ အရိုးရောဂါ ၁၉၅ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၇၇ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၈၅ ဦး စုစုပေါင်း ၁၀၄၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓါတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓါတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဒုတိယနေ့ ဆက်လက်ကျင်းပ



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲ အမျိုးသားဗန်တိုအတိုက်ပြိုင်ပွဲကျင်းပစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဒုတိယနေ့အဖြစ် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ကျင်းပသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ ကီလိုတန်းအလိုက်ရှုံးထွက်ပွဲစဉ်ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ပြေး၊ခုန်၊ပစ်ပြိုင်ပွဲမှ အမျိုးသား/ အမျိုးသမီး မီတာ ၃၀၀၀ တားဆီးကျော်ပြေးပြိုင်ပွဲ၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံအလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီးကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ လှံတံပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ မီတာ ၈၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(A) ၌ အမျိုးသား/ အမျိုးသမီး ကီလိုတန်းအလိုက် ရှုံးထွက်ပွဲစဉ်များကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီးအုပ်စုပတ်လည် ပြိုင်ပွဲများကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌ အတိုက်တစ်ဦးနှင့် အခံနှစ်ဦး ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲနှင့် လက်ထောက်နည်းပြအဆင့် တုတ်ရှည်ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲ၊ အတိုက်ပွဲစဉ်တွင် အမျိုးသားကီလိုတန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ်ပြိုင်ပွဲ၊ ဓားတစ်လက် အတိုက်ပြိုင်ပွဲ၊ ဓားနှစ်လက်အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်း နှစ်ယောက်တွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များနှင့် အလွတ်တန်းလေးယောက်တွဲအသင်းလိုက် အကြိုဗိုလ်လုပွဲစဉ်ပြိုင်ပွဲများနှင့် ကရာတေးဒိုပြိုင်ပွဲတွင် လူသစ်တန်းကီလိုတန်းအလိုက် ကုမိတဲ့ပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ)အဆင့် ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု(ခ)ဘောလုံးအသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ) အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ) အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့် ၂၀၂၄ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည်

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အမေရိကန်နိုင်ငံ၏ သမ္မတဟောင်းတစ်ဦးဖြစ်သည့် ဒေါ်နယ်ထရမ့်သည် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတိအလင်းကြေညာခဲ့သည်။

သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် နိုဝင်ဘာ ၁၅ ရက်တွင် ဖလော်ရီဒါပြည်နယ်၌ ၎င်းအားထောက်ခံသူများကို အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ဒေါ်နယ်ထရမ့်သည် ၎င်းသမ္မတဖြစ်ခဲ့စဉ်က အမေရိကန်အစိုးရအနေဖြင့် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးစီးပွားရေးကို တည်ဆောက်နိုင်ခဲ့ကြောင်းနှင့် တရုတ်၊ ရုရှား၊ အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေးကိုလည်း ထိန်းထားနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒေါ်နယ်ထရမ့်၏ ဦးဆောင်မှုအောက်တွင် အမေရိကန်နိုင်ငံသည် သြဇာတိကမကြီးမားခဲ့ကြောင်းလည်း ထရမ့်က အလေးထားပြောကြားခဲ့သည်။ ထို့ပြင် လက်ရှိအမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အမေရိကန်၏ စီးပွားရေးကို ဖျက်ဆီးခဲ့ပြီး နိုင်ငံ၏ စီးပွားရေးကိုလည်း ဆုတ်ယုတ်စေခဲ့ကြောင်း ဒေါ်နယ်ထရမ့်က အခိုင်အမာပြောကြားခဲ့သည်။


သမ္မတ ဂျိုးဘိုင်ဒင် အစိုးရ၏ ငွေကြေးဖောင်းပွမှုနှင့် လူဝင်မှုကြီးကြပ်ရေးမူဝါဒများသည် အမေရိကန်နိုင်ငံကို ဆုတ်ယုတ်သည့်နိုင်ငံအဖြစ်သို့ ရောက်ရှိစေခဲ့ကြောင်းလည်း သမ္မတဟောင်း ထရမ့်က ပြစ်တင်ပြောကြားခဲ့သည်။

သမ္မတဟောင်း ထရမ့်သည် ယခုလအတွင်း ကျင်းပခဲ့သည့် သက်တမ်းဝက်ရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန်များအတွက် လုံလောက်သောထောက်ခံမှု မရရှိခဲ့သည့်အတွက် ဝေဖန်ခံနေရသူဖြစ်သည်။ သို့ရာတွင် သမ္မတဟောင်းထရမ့်က ၎င်းအား ထောက်ခံသည့် ကိုယ်စားလှယ်လောင်းအများစု အနိုင်ရရှိခဲ့ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။




ထရမ့်သည် ၂၀၁၇ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**




# ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရ

**ဖနောင်ပင် နိုဝင်ဘာ ၁၆**

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ရောက်ရှိပြီးနောက် ကိုဗစ်-၁၉ ရောဂါရှိ၊မရှိ စစ်ဆေးရာတွင် ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဟွန်ဆန်သည် ယခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ဥက္ကဋ္ဌတာဝန်ယူထားပြီး နိုဝင်ဘာ ၁၅ ရက်တွင် စတင်ကျင်းပသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ဘာလီသို့ရောက်ရှိပြီး နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု ကမ္ဘောဒီးယားအစိုးရက ပြောကြားခဲ့သည်။

ဟွန်ဆန်သည် ကမ္ဘောဒီးယားနိုင်ငံမှ မထွက်ခွာမီ စစ်ဆေးသည့် ဆေးလက်မှတ်တွင် ရောဂါကင်းစင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

လက်ရှိတွင် ဝန်ကြီးချုပ် ဟွန်ဆန်က ၎င်းအနေဖြင့် ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း၊ ရောဂါပိုးတွေ့ရှိသော်လည်း ပြင်းထန်စွာ ခံစားရခြင်းမရှိကြောင်း ပြောကြားသည်။ သို့သော် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးနှင့် အခြားအစည်းအဝေးများကို မတက်ရောက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဟွန်ဆန်သည် နိုဝင်ဘာ ၁၃ ရက်တွင် ဖနောင်ပင်၌ ကျင်းပခဲ့သည့် အာဆီယံအစည်းအဝေးများတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ ဖူမီယိုနှင့် အမေရိကန် သမ္မတ ဂျိုးဘိုင်ဒင်တို့သည်လည်း အဆိုပါ တွေ့ဆုံပွဲများတွင် အခြားခေါင်းဆောင်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂ ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၂ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၄၃၂ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၈၁၀ ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၂၀၉၆၅ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၈၂၄ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၂၀၄ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော် မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၇၇၈၆ ဦး ရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊မရှိစစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# တရုတ်တပ်မတော်ရေတပ်ဖွဲ့မှ ဆေးရုံသင်္ဘော Peace Ark အင်ဒိုနီးရှားနိုင်ငံ၌ ဆေးကုသရေးတာဝန်များဆောင်ရွက်

**ဂျကာတာ နိုဝင်ဘာ ၁၆**

တရုတ်တပ်မတော်ရေတပ်ဖွဲ့မှ ဆေးရုံသင်္ဘော Peace Arkသည် အင်ဒိုနီးရှားနိုင်ငံဂျကာတာမြို့တော်ရှိ ဆိပ်ကမ်း၌ ဆိုက်ကပ်ပြီး အင်ဒိုနီးရှားပြည်သူများအား အခမဲ့ဆေးဝါးကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းဆေးရုံသင်္ဘောPeace Ark သည် နိုဝင်ဘာ ၁၀ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ရောက်ရှိခဲ့ပြီး စတင်ရောက်ရှိသည့်နေ့တွင်ပင် အဆိုပါဆေးရုံသင်္ဘောတွင် လာရောက်ပြသသူလူနာ ၇၀၀ကျော်ရှိကြောင်း သိရသည်။

ယခုအကြိမ်သည် အဆိုပါဆေးရုံသင်္ဘော၏ အင်ဒိုနီးရှားနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်သည့်ခရီးစဉ်ဖြစ်ပြီး ၂၀၁၃ခုနှစ်အတွင်းက အင်ဒိုနီးရှားပြည်သူများအား ပထမအကြိမ်လာရောက်ကုသမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့တရုတ်နိုင်ငံရေတပ်ဖွဲ့မှ ဆေးရုံသင်္ဘောလာရောက်ကုသမှုပေးနိုင်ရန်အတွက် အင်ဒိုနီးရှားစစ်ဘက်မှ ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါဆေးရုံသင်္ဘောပေါ်တွင် ကျန်းမာရေးဝန်ထမ်း ၁၀၀ ကျော်ပါရှိကာ ဆေးဘက်ဆိုင်ရာဌာန ၁၄ ခုပါဝင်ပြီး အရေးပေါ်ဆေးကုသရေးအတွက် ရဟတ်ယာဉ်လည်း ပါဝင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါသင်္ဘောပေါ်တွင် အခြားဆေးရုံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် အွန်လိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်ပြီး အရေးကြီးသည့်ရောဂါများအတွက်အွန်လိုင်းမှအကြံပေးခြင်းကို ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါသင်္ဘောသည် သဘာဝဘေးကျရောက်နေသည့်ဒေသများရှိ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအင်ဒိုနီးရှားနိုင်ငံသို့ လာရောက်သည့် ဆေးရုံသင်္ဘော Peace Ark ၏ခရီးစဉ်အား Mission Harmony-2022ဟု အမည်ပေးထားကြောင်း သိရသည်။ **ကိုးကား-စီဂျီတီအင်န်၊ ဘာသာပြန်-စိုးသူရ**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၆၅၈၇ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၆၅၈၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၆၃၅၇၄၆၄ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၆၇ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၇၉၅ ဦးရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၆

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဆရာစံရပ်ကွက်နေ မီမီသင်းသည် ၎င်းအသုံးပြုသည့် “Mi Mi Thin” Facebook အကောင့်၊ ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာနေ ဇာဇာဝင်း(ခ)မဝတုတ်သည် ၎င်းအသုံးပြုသည့် “Zar Zar Win” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မော်လိုက်ကလေးကျေးရွာနေ တင်မောင်ရွှေ(ခ)ပိုင်စိုးဦးသည် ၎င်းအသုံးပြုသည့် “Lion Man” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအနီး၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်အဖွဲ့က အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံး

နေပြည်တော် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ကန်ကျေးရွာအနီး၌ အရပ်ဘက်မော်တော်ယာဉ်တစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာနေ ယာဉ်မောင်း ဦးတင်သောင်း မောင်းနှင်သည့် စီနိုထရပ်အမျိုးအစား အဖြူရောင် မြေသယ်ယာဉ်သည် ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် ကင်းရွာမှ ပြင်ဦးလွင်မြို့သို့ သွားရောက်ရန် ထွက်ခွာလာစဉ် တောင်ကန်ကျေးရွာအနီးသို့အရောက် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ ဝဲ/ယာ တောင်ဘက် နှစ်ပေခန့်အကွာမှ မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ယာဉ်မောင်း ဦးတင်သောင်းတွင် မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့သည်။




အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ နယ်မြေလုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ခဲ့ပြီး မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့သည့် ယာဉ်မောင်းဖြစ်သူကို မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူစေခဲ့သော်လည်း ရရှိဒဏ်ရာများကြောင့် နံနက် ၇ နာရီခန့်တွင် သေဆုံးသွားခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သည့် အပြစ်မဲ့ ရဟန်းသံဃာများ၊ ပြည်သူများနှင့် ဝန်ထမ်းများကို အကြမ်းဖက်တိုက်ခိုက် သတ်ဖြတ်ခြင်းများ မကြာခဏပြုလုပ်လျက်ရှိသကဲ့သို့ အရပ်ဘက်မော်တော်ယာဉ်များကိုလည်း အကြောင်းမဲ့ မိုင်းဆွဲတိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိခြင်းကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဟုမ္မလင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဟုမ္မလင်း နိုဝင်ဘာ ၁၆

ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ မိုးစပါးစံကွက်ရိတ်သိမ်းနည်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက ဟုမ္မလင်းမြို့နယ် ကောယားကျေးရွာအုပ်စု တုံလုံကျေးရွာ တောင်သူ ဦးဝင်းလူ၏လယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများနှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူ ဦးဝင်းလူ၏ ဆင်းကေရီ-၃ ၆ ဒသမ ၆ ပေပတ်လည် စံကွက်သုံးကွက် ရိတ်သိမ်းပြသခြင်း သုည ဒသမ ၀၁ ဧကစံကွက် စုပေါင်းရိတ်သိမ်းခြွေလှေ့ မှတ်တမ်းယူခြင်းများဆောင်ရွက်ကြရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း အစို ၁၀၇ တင်း ထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၃၀ နှင့် တုံလုံကျေးရွာမှတောင်သူ ၆၀ တက်ရောက်ခဲ့ကြသည်။

**လင်းလင်း(ပြန်/ဆက်)**

# ဘုရားသုံးဆူနယ်မြေအတွင်းရှိ သဖြူမိုင်းတွင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်း ပြန်လည်ဖြေကြား

နေပြည်တော် နိုဝင်ဘာ ၁၆

**ဘုရားသုံးဆူနယ်မြေအတွင်းရှိ သဖြူမိုင်းတွင်းဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား မေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။**




မေး။ ။ဗိုလ်ချုပ်ရှင့် ဘုရားသုံးဆူနယ်မြေအတွင်းမှာရှိတဲ့ သဖြူမိုင်းတွင်းကို တပ်ဘက်ကနေ တိုက်လေယာဉ်တွေနဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့တယ်ဆိုပြီး သတင်းတွေမှာတွေ့နေရပါတယ်။ ဒီမိုင်းတွင်းဟာ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နေတဲ့ မိုင်းတွင်းတွေဆိုပြီး တချို့မီဒီယာတွေက စွပ်စွဲနေပါတယ်။ ဒီဖြစ်စဉ်မှာ သေဆုံးသူတွေထဲမှာမှ နိုင်ငံခြားသားတွေပါ ပါဝင်နေတယ်လို့ မီဒီယာ တချို့ကလည်း သတင်းရေးသားဖော်ပြနေတာတွေ တွေ့ရပါတယ်ရှင်။ ဒါနဲ့ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကို သိလိုပါတယ် ဗိုလ်ချုပ်ရှင်။

ဖြေ။ ။ပထမဦးဆုံး ပြောချင်တာကတော့ ဒီဒေသမှာ ဘုရားသုံးဆူ သဖြူမိုင်းတွင်းဒေသမှာ အစိုးရက တရားဝင် ခွင့်ပြုထားတဲ့ သတ္တုတူးဖော်ရေးလုပ်ငန်း၊ သတ္တုရှာဖွေရေးလုပ်ငန်း မရှိဘူးလို့ ကျွန်တော်ပြောချင်ပါတယ်။ ယခင်ကတော့ ရှိခဲ့ဖူးပါတယ်။ ယခင်ကတော့ အဲဒီမှာ ၂၀၁၆ ခုနှစ် မတိုင်ခင်တုန်းက ရှိခဲ့ဖူးပါတယ်။ တချို့မိုင်းတွင်းတွေရှိပါတယ်။ သဖြူသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်ကလုပ်တဲ့ မိုင်းတွင်းတချို့ ရှိခဲ့ဖူးတယ်။ အခြားကုမ္ပဏီဘက်ကလုပ်တဲ့ မိုင်းတွင်း တချို့ရှိခဲ့ဖူးတယ်။ သူတို့ဟာ ၁၁ ရက် ၁၂ လ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် ၂၀၁၆ ခုနှစ်မှာ စာချုပ်သက်တမ်းကုန်ဆုံးခဲ့တာဖြစ်တယ်။ စာချုပ်သက်တမ်းကုန်ဆုံးတဲ့အတွက် သူတို့အနေနဲ့ ဆက်လက်ပြီး လုပ်ကိုင်ရန် အစိုးရကို လျှောက်ထားတယ်။ အစိုးရအနေနဲ့ကလည်း မိုင်းတွင်းတွေနဲ့ ပတ်သက်ပြီး စာချုပ် သက်တမ်းကုန်ဆုံးတဲ့အတွက်ကြောင့် ပယ်ဖျက်ခဲ့ပြီးဖြစ်တယ်။ ပယ်ဖျက်ခဲ့ပြီးဖြစ်တဲ့ အတွက်ကြောင့် အကြောင်းကြားစာအနေနဲ့ မိုင်းတွင်းတွေကို အကြောင်းကြားပြီးဖြစ်တယ်။ မိုင်းတူးဖော်ရေး၊ သတ္တုတူးဖော်ရေးကုမ္ပဏီကို အကြောင်းကြားခဲ့ပြီးဖြစ်တယ်။ သဖြူသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ကို အကြိမ်ကြိမ်အကြောင်း ကြားခဲ့တယ်။ အထောက်အထားအရ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ အကြောင်းကြားခဲ့တာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၁ ရက်မှာ ထပ်ပြီး စုံစမ်းဖျက်သိမ်းခဲ့တဲ့အကြောင်းကို အကြောင်းကြားခဲ့တာရှိတယ်။ အဲဒီနောက်ပိုင်းမှာ KNU တပ်မဟာ(၆) နဲ့ဆက်စပ်ပြီး အဲဒီလုပ်ငန်းတွေကို လုပ်ကိုင်နေတာဖြစ်တယ်။ တချို့မီဒီယာတွေမှာလည်း ကျွန်တော်တွေ့ပါတယ်။ တရားဝင်ခွင့်ပြုထားတဲ့ မိုင်းတွင်းဆိုပြီး စွပ်စွဲဖော်ပြနေတာ ရှိပါတယ်။ အဲဒီမှာလုပ်နေတဲ့သူတွေက ပိုပြီးအသိဆုံးဖြစ်ပါလိမ့်မယ်။ အဲဒီနောက်ပိုင်းမှာတော့ KNU တပ်မဟာ(၆)နဲ့ ညှိနှိုင်းပြီးတော့ တရားမဝင် သတ္တုခိုးတူးမှု လုပ်ငန်းတွေကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီဒေသက KNU တပ်မဟာ(၆)ရဲ့လှုပ်ရှားမှုနယ်မြေဖြစ်တယ်။ အဲဒီနယ်မြေမှာ ဘာတွေဖြစ်ခဲ့တယ်ဆိုတာကို ကျွန်တော်တို့ သိခဲ့ပြီး ဖြစ်တယ်။ အဲဒီအထက်မှာရှိတဲ့ ကနဲလေး-မော်ခီး လမ်းမှာဆိုရင် လမ်းဆောက်လုပ်ရေး အလုပ်လုပ်နေတဲ့ အရပ်သား (ကျား၊ မ ကလေး ၁၀ ယောက် အပါအဝင်) ၄၇ ယောက်ကို KNDO အဖွဲ့က ဖမ်းဆီးသွားတာရှိတယ်။ လက်ပြန်ကြိုးတုပ်ပြီး သတ်ဖြတ်ထားတဲ့ အလောင်း ၂၅ လောင်းကိုတွေ့ရတယ်။ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ကြိတ်ရွာမှာရှိတဲ့ ကင်းစခန်း/လုံခြုံရေးစခန်းကို KNU တပ်မဟာ(၆) နဲ့ PDF အကြမ်းဖက်တွေက တိုက်ခိုက်ခဲ့တာရှိတယ်။ အဲဒီဒေသမှာ ဥက္ကရစ်ထစခန်း လိုဖြစ်စဉ်မျိုးတွေ အပေါ်ဘက်မှာ ဖြစ်ခဲ့တာတွေရှိတယ်။ ဘုရားသုံးဆူဒေသ တစ်ဝိုက်မှာ နှောင့်ယှက်ပစ်ခတ်မှုတွေ၊ ဘုရားသုံးဆူလမ်းကြောင်းတစ်လျှောက်မှာလည်း တိုက်ခိုက်မှု တွေရှိခဲ့တယ်။ ဒီဒေသမှာ တရားမဝင် သတ္တုတူးဖော်ရေးလုပ်ငန်းကိုလည်း KNU တပ်မဟာ (၆) ကပဲဦးစီးဆောင်ရွက်နေတာဖြစ်ပါတယ်။ တချို့မီဒီယာက တက်လာတဲ့ ဓာတ်ပုံတွေမှာလည်း ပြောက်ကျားဝတ်စုံတွေ ထင်ထင်ရှားရှားနဲ့ တွေ့ရပြီး KNU တပ်မဟာ(၆) ကလို့ယူဆရတဲ့သူတွေပါတယ်။ သူတို့စွပ်စွဲချက်ပေါ့။ ကျွန်တော်တို့အနေနဲ့ကတော့ လုံခြုံရေးအရ တရားမဝင်လုပ်ကိုင်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့အတွက် လုံခြုံရေးအရ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ခုနက ပြောတဲ့ နိုင်ငံခြားသားတွေသေနေတယ်ဆိုတဲ့ သတင်းမျိုးတွေလည်း တွေ့ရပါတယ်။ ကျွန်တော်တို့ အတည်ပြုနိုင်ခြင်းတော့မရှိသေးပါဘူး။ ရှိခဲ့ရင်လည်း ဒါတွေသည် တရားမဝင်လုပ်ငန်းကို လာရောက်လုပ်ကိုင်နေထိုင်သူတွေပဲဖြစ်ပါတယ်။ အဲဒီလူတွေဘယ်လိုရောက်လဲ၊ ဘယ်သူတွေကခေါ်လာလဲဆိုတာ အဲဒီနယ်မြေမှာ လှုပ်ရှားနေတဲ့ KNU တပ်မဟာ(၆) မသိဘဲနဲ့ ရောက်လာစရာအကြောင်း မရှိဘူးလို့ ကျွန်တော်ပြောချင်ပါတယ်ဟု ဖြေကြားခဲ့သည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် အာဆီယံ-တရုတ်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် အာဆီယံ-တရုတ် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲ (3rd ASEAN-China Friendship and Cooperation Short Video Contest)၏ ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက တရုတ်နိုင်ငံ ဘေကျင်းမြို့မှတစ်ဆင့် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Ekkahab Phanthavong၊ အာဆီယံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Deng Xijun နှင့် အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံနိုင်ငံများ၏ အမြဲတမ်းကိုယ်စားလှယ်များ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပမှုနှင့်ပတ်သက်၍ အမှာစကားများ ပြောကြားကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများက ၎င်းတို့၏ဗီဒီယိုဇာတ်လမ်းတိုများ ရိုက်ကူးခဲ့ပုံနှင့် ဆုရွေးချယ်ခံရခြင်းအပေါ် ဝမ်းမြောက်စကားများ ပြောကြားကြသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆု(Gold Medal)ကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MITV Channel မှ မြန်မာနိုင်ငံကိုယ်စားပြု၍ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်က လှုပ်ခတ်ခဲ့သော ပုဂံလျှင်ကြောင့် ထိခိုက်ခဲ့ရသည့် သဗ္ဗညုဘုရားကြီးအား တရုတ်နိုင်ငံ အထောက်အပံ့ဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ဆောင်နေပုံ ငါးမိနစ်ကြာ အစီအစဉ်အား Friendly Neighbors (Section A) ခေါင်းစဉ်အောက်တွင် ပေးပို့ယှဉ်ပြိုင်မှုအားလည်းကောင်း၊ ဒုတိယဆု (Silver Medal)နှစ်ဆုကို တရုတ်နိုင်ငံမှရိုက်ကူးသည့် "Explore the Chinese Mark of Malacca from Culture and Museum Tour" နှင့် လာအို-တရုတ်တို့ ပူးပေါင်းရိုက်ကူးသည့် "The Growth of a Female Chef" အားလည်းကောင်း၊ တတိယဆု (Bronze Medal)သုံးဆုကို မလေးရှားနိုင်ငံမှ ရိုက်ကူးသည့် "China-Malaysia Life Differences-The Malay Sisters in China"၊ စင်ကာပူ-တရုတ်တို့ ပူးပေါင်းရိုက်ကူးသည့် "Delicious Life-Singapore Lovers" နှင့် ကမ္ဘောဒီးယား-တရုတ် ပူးပေါင်းရိုက်ကူးသည့်




"The Cashewnut Connects China-Cambodia Friendship"တို့အားလည်းကောင်း၊ Excellence Award ရရှိသူ ၁၅ ဦးအားလည်းကောင်း ရွေးချယ်ပြီး ဆုချီးမြှင့်သည်။

ယင်းဗီဒီယိုဇာတ်လမ်းတိုပြိုင်ပွဲကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်နိုင်ငံက ၂၀၂၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ဖိတ်ခေါ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး MITV အနေဖြင့် ယမန်နှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း နှစ်သိမ့်ဆု (Excellence Award) ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲအား အာဆီယံဆိုင်ရာ တရုတ်မစ်ရှင်အဖွဲ့ (China's Mission to ASEAN)၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းမစ်ရှင်အဖွဲ့ (Permanent Mission of Myanmar to ASEAN)၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat)၊ ဝူရှီးမြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့ (Wuxi Municipal Government)နှင့် အခြားအစိုးရဌာနနှင့် အဖွဲ့အစည်းများ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ယခုနှစ်ကျင်းပသည့် ပြိုင်ပွဲသို့ တရုတ်နှင့်အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြိုင်ပွဲဝင်ဗီဒီယိုဇာတ်လမ်းတိုပေါင်း ၁၈၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဒိုင်အဖွဲ့ဝင် ၁၀ ဦးက ကြည့်ရှုအကဲဖြတ်၍ ဆုများ ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ဒုတိယအဆင့် (Level - 2) ပွဲစဉ်(၁၂)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၆

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် စက်တင်ဘာ ၂ ရက်မှစတင်ပြီး ပွဲစဉ် ၁၈ ပွဲဖြင့် အပတ်စဉ်သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level - 2) တွင် ယှဉ်ပြိုင်ရန် ပြိုင်ပွဲဝင် ၁၀ ဦးပေါ်ထွက်လာပြီဖြစ်၍ နိုဝင်ဘာ ၁၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် ပွဲစဉ်(၁၂)အား စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ယင်းတို့၏ သီဆိုယှဉ်ပြိုင်ကြပုံများကို MRTV-HD မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level-2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ကချင်ပြည်နယ်မှ မေဇီ (MFO1)၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MFO2)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MFO3)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား(MFO4)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MFO5)၊ ကရင်ပြည်နယ်မှ ချိုသဲဦး (MFO6)၊ ကချင်ပြည်နယ်မှ လလဆွတ် (MFO7)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MFO8)၊ နေပြည်တော်မှ ပူတူး (MFO9) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MF10) တို့အား Voting Line ဖွင့်ပေးထားသည့် အချိန်အတွင်း SMS အရေအတွက် အကန့်အသတ်မရှိ ပေးပို့နိုင်မည်ဖြစ်သည်။

Voting Line ကို ပွဲစဉ် (၁၂) စတင်ထုတ်လွှင့်မည့် နိုဝင်ဘာ ၁၈ ရက်နေ့ ည ၉ နာရီမှ ပွဲစဉ်(၁၃) Result Show ထုတ်လွှင့်မည့် နိုဝင်ဘာ ၂၅ ရက် ည ၉ နာရီမတိုင်မီ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်ရာ ပရိသတ်များအနေဖြင့် မိမိကြိုက်နှစ်သက်သည့် ပြိုင်ပွဲဝင်ကို SMS Voting ပေးပို့နိုင်မည်ဖြစ်သည်။ အဆိုပါ အစီအစဉ်ကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၉၀ | ၂၁၃၅ | ၂၁၃၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၆၀ | ၂၁၄၅ | ၂၁၂၀ | ၂၂၁၅ | ၂၂၃၀ | ၂၁၃၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၅ | ၂၁၇၅ | ၂၃၉၅ | ၂၈၂၀ |
| 95 Ron | ၂၂၀၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၀၅ | ၂၂၄၅ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၉၀ | ၂၆၈၅ | ၂၆၅၀ | ၂၇၆၅ | ၂၇၆၀ | ၂၆၆၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၅ | ၂၇၀၅ | ၂၉၂၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၉၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၈၄၀ | ၂၈၃၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၇၅ | ၂၇၈၀ | ၂၇၈၀ | ၃၀၀၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၆၉၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၆၅ | ၂၇၆၀ | ၂၇၂၅ | ၂၈၄၀ | ၂၈၃၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၇၅ | ၂၇၈၀ | ၂၇၈၀ | ၃၀၀၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၉၀ | ၂၀၆၃ |
| 95 Ron | ၂၀၉၄ | ၂၁၆၉ |
| HSD (500 ppm) | ၂၅၀၄ | ၂၅၈၄ |
| HSD (50 ppm) | ၂၅၇၇ | ၂၆၅၈ |
| HSD (10 ppm) | ၂၅၇၇ | ၂၆၅၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးပြီး မိသားစုဝင်ငွေတိုးပွားစေရန်နှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန်တို့ကိုရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျေးရွာအုပ်စုပေါင်း ၆၈၁ ခုတို့တွင် မြစိမ်းရောင် (အသားကဏ္ဍ) မွေးမြူရေးကျေးရွာ ထူထောင်ခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာတစ်ရွာချင်းအလိုက် ချထားပေးသည့် မတည်ရန်ပုံငွေကို အသုံးပြု၍ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်တစ်လျှောက် လုပ်ငန်းဆောင်ရွက်မှုများ ချောမွေ့စေရန်၊ မွေးမြူသူများအတွက် အကောင်းဆုံး အကျိုးအမြတ်ရရှိနိုင်စေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့က စောင့်ကြည့်လေ့လာသုံးသပ်အကဲဖြတ်သွားမည်ဖြစ်၍ သက်ဆိုင်သူအားလုံးတို့က ကျရာအခန်းကဏ္ဍများမှ ကြိုးပမ်းအားထုတ်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၀၀ ဖြင့် ကျေးရွာ ၃၀ တွင် မွေးမြူရေးတိရစ္ဆာန်များ ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေကျပ် ဘီလီယံ ၄၀၀ အနက်မှ ငွေကျပ် ဘီလီယံ ၃၃၀ ကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်ရှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသ ခြောက်ခုတို့သို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခဲ့ပြီး စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင် စီမံကိန်းကို တန်ဖိုးငွေကျပ် ဘီလီယံ ၁၀၀ အသုံးပြုကာ ယခုဘဏ္ဍာနှစ်မှစတင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေလျာထားမှုအနေဖြင့် ဝက်မွေးမြူရေးလုပ်ငန်းအတွက် ဝက် တစ်ယူနစ်လျှင် ကောင်ရေ ၁၀၀၊ တန်ဖိုးငွေကျပ် ၃၅ သန်းနှုန်းဖြင့် ဝက် ၆၀၀ ယူနစ်အတွက် တန်ဖိုးငွေကျပ် ၂၁ ဘီလီယံ၊ ကြက်မွေးမြူရေးလုပ်ငန်းအတွက် ကြက် တစ်ယူနစ်လျှင် ကောင်ရေ ၃၀၀၀၊ တန်ဖိုးငွေကျပ် ၁၅သန်းနှုန်းဖြင့် ကြက် ၅၀၀ ယူနစ်အတွက် တန်ဖိုးငွေကျပ် ၇ ဒသမ ၅ ဘီလီယံ စုစုပေါင်း ခွင့်ပြုရန်ပုံ ငွေကျပ် ၂၈ ဒသမ ၅ ဘီလီယံ လျာထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကြီးကြပ်မှုကော်မတီအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ အဆိုပြုလွှာများတောင်းခံခြင်း၊ မွေးမြူသူ၊ အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ အာမခံသူနှင့် သွင်းအားစုကုမ္ပဏီများ ရွေးချယ်အတည်ပြုခြင်း၊ သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ ချေးငွေချထားပေးသည့် အချိန်မှစ၍ တစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် ပြန်လည်ပေးချေခြင်း လုပ်ငန်းစဉ်များကို ယခုလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကန်ကြီးထောင့်မြို့နယ်၌ နေကြာစိုက်ပျိုးပွဲနှင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



**ကန်ကြီးထောင့် နိုဝင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စာဖြူစုကျေးရွာရှိ တောင်သူ ဦးပါလကြည်၏ လယ်ယာမြေတွင် နေကြာမျိုးစေ့စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်မြင့်၊ ပုသိမ်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလင်းကိုကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများက လယ်ယာမြေနှစ်ကေအတွင်း နေကြာမျိုးစေ့များ စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ဆီထွက်သီးနှံ နေကြာစိုက်ပျိုးကြမည့် တောင်သူများအား နေကြာမျိုးစေ့များကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

အလားတူ ငါးရှဉ့်ထူကျေးရွာရှိ တောင်သူ ဦးဘလှ၏ လယ်ယာမြေအတွင်း မိုးစပါး စံကွက်ရိတ်သိမ်းခြင်းကို ကြည့်ရှုကြရာ မိုးစပါး(ဧရာမင်း)စိုက်ခင်းတွင် စံကွက်တစ်ကေလျှင် စပါးအစို ၇၃ ဒသမ ၃၄ တင်း၊ အခြောက် ၆၆ တင်း ထွက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပြည်သူလူထု၏ အေးချမ်းသာယာမှုကို ထိပါးနှောင့်ယှက်မှုများမဖြစ်ပွားစေရေး အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၆

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံရေးသည် အဓိကအရေးကြီးပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် ဒေသတွင်း စီးပွားရေး၊ လူမှုရေးစသည့်ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ အေးချမ်းသာယာမှုကို ထိပါးနှောင့်ယှက်မှုများ မဖြစ်ပွားစေရေး အထူးအလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပပြုလုပ်သည့် နိုင်ငံတော်မှ ပေးအပ်သည့် ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအကျိုးအတွက် မိမိအသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရခဲ့သူများနှင့် အသက်ဆုံးရှုံးခဲ့ရသူများအား စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ရဲသူရတံဆိပ်နှင့် ရဲဗလတံဆိပ်များ ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မွန်ပြည်နယ်အတွင်း စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် ရဲသူရတံဆိပ်ရရှိသူနှစ်ဦးနှင့် ရဲဗလတံဆိပ်ရရှိသူ ၂၆ ဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများဖော်ဆောင်ရေး ဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သောကျောင်းဆုယှဉ်ပြိုင်နိုင်ရေးအတွက် "အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ချီးမြှင့်ခြင်း အစီအစဉ်"ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆုရရှိသည့် ကျောင်းများအနေဖြင့် ပြိုင်ပွဲအဆင့်ဆင့် ယှဉ်ပြိုင်ခွင့်ရရှိစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးအောင်ကြည်သိန်းက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ရွေးချယ်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကော်မတီဝင်များက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဖော်ဆောင်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရှစ်ခရိုင် အသက် ၁၈ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ဖွင့်လှစ်

ပုသိမ် နိုဝင်ဘာ ၁၆

၂၀၂၂ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် (၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့် အသင်းနည်းပြ၊ အုပ်ချုပ်သူများတက်ရောက်ခဲ့သည်။





ဖွင့်ပွဲတွင်တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ကျင်းပသည့် ဘောလုံးပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အသီးသီးမှ ဘောလုံးအားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ခရိုင်တစ်ခုနှင့်တစ်ခု အပြန်အလှန်ပူးပေါင်းဆောင်ရွက်လာနိုင်စေရေးအစရှိသည့် ရည်ရွယ်ချက်များအပြင် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုထူးချွန်ထက်မြက်သည့် အမျိုးသမီးဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးကို ရည်ရွယ်ပြီး ကျင်းပပြုလုပ်သော ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများအနေဖြင့် အားကစားသမားကောင်းပီသစွာယှဉ်ပြိုင်ကစားကြရန် တိုက်တွန်းမှာကြား၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားရှစ်ခရိုင် အသက် (၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြသည့် ကျုံပျော်ခရိုင်အသင်းနှင့် မြန်အောင်ခရိုင်တို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရှစ်ခရိုင် အသက် (၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်မှ ပြိုင်ပွဲအသင်း ရှစ်သင်းက ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပါဝွေးပင်စံပြကျေးရွာ၌ စိုက်ပျိုးခဲ့သည့် GW-11 စပါးမျိုးများ ပျိုးထောင်စနစ်တွင် တစ်ဧက တင်း ၁၄၀ ကျော်နှင့် အစေ့ချနှင့် ကြဲပက်စနစ်များတွင် တစ်ဧက ၉၇ တင်းခန့်ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ပါဝွေးပင်စံပြကျေးရွာတွင် စိုက်ပျိုးခဲ့သည့် GW-11 စပါးမျိုးများမှ ပျိုးထောင်စနစ်တွင် တစ်ဧက တင်း ၁၄၀ ကျော်နှင့် အစေ့ချနှင့် ကြဲပက်စနစ်များတွင် တစ်ဧက ၉၇ တင်းခန့် ထွက်ရှိခဲ့ကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စိုက်ပျိုးရေးအခြေခံ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသော ပါဝွေးပင်စံပြကျေးရွာတွင် စံပြဝွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသားများဖြစ်ကြသည့် ဦးချစ်ကို၏ လယ်နှစ်ဧက၊ ဦးတင်ရှိန်၏ လယ် ၁ ဒသမ ၄၅ ဧက၊ ဒေါ်ခင်မြင့်ရွှေ၏ လယ် ၁ ဒသမ ၂၅ ဧက၊ ဒေါ်အေးသန်း၏ လယ်တစ်ဧကနှင့် ဦးတင်အောင်၏ လယ် ၁ ဒသမ ၃၅ ဧကတို့တွင် အစေ့ချ(စီဒါ)စနစ်၊ ကြဲပက်စနစ်၊ ပျိုးထောင်စနစ်တို့ဖြင့် GW-11 စပါးမျိုးများ စိုက်ပျိုးခဲ့ပြီး ယနေ့ရိတ်သိမ်းခြွေလှေ့ခဲ့ရာ ပျိုးထောင်စနစ်တွင် တစ်ဧက စပါးတင်း ၁၄၀ ကျော်၊ အစေ့ချနှင့် ကြဲပက်စနစ်များတွင် တစ်ဧက စပါး ၉၇ တင်းခန့် ထွက်ရှိခဲ့ခြင်းဖြစ်သည်။



ယင်းပါဝွေးပင်စံပြကျေးရွာတွင် စိုက်ပျိုးထားသည့် ဂရိတ်ဝေါတူမောရိုး စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ GW-11 စပါးမျိုး စံပြစိုက်ကွက် ရိတ်သိမ်းနေမှုကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြပြီး စံပြဝွေးပင်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း အသုံးပြုနိုင်ရန် စက်ဘီး ငါးစီး ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက စနစ်ကျလယ်ယာမြေ ဆက်လက်ဖော်ထုတ်ရန် ကျန်ရှိနေသော ကွင်းအမှတ် ၂၀၄၄ ၏ လယ်မြေ ၇၈ ဒသမ ၉ ဧကကို ဆက်လက်ဖော်ထုတ်ပေးနိုင်ရေး၊ စပါးရိတ်သိမ်းပြီးပါက နေကြာသီးနှံ ဆက်လက်စိုက်ပျိုးရေး၊၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သမဝါယမကန်ထရိုက်လယ်ယာစနစ်၏ အကျိုးကျေးဇူးများနှင့် စပါးရောင်းချချိန်တွင် အသင်းသားများ ပြန်လည်ရရှိမည့် Refund စနစ်တို့ကို ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာအုပ်စုရှိ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းပိုင် ဆီကြိတ်ခွဲစက်ကို ကြည့်ရှုစစ်ဆေးပြီး ဆီစက်အတွက် ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ အရည်အသွေးပြည့်မီစွာ ကြိတ်ခွဲနိုင်ရေးနှင့် ကြိတ်ခွဲပြီးဆီများ ဖြန့်ဖြူးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ စိန်ပန်းနွယ်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူများနှင့် တွေ့ဆုံကာ စိုက်ခင်းများမှ ထွက်ရှိလာသော ငရုတ်၊ ခရမ်းချဉ်သီးနှံများအား တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရေးအတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ နွယ်ရစ်-ဇရပ် ကြီးကုန်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးနိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားပြီး အသင်းသားတောင်သူများ စိုက်ပျိုးထားသော ငရုတ်ခင်း၊ ပန်းမုန်လာခင်း၊ မုန်လာစိမ်း၊ ခရမ်းသီးခင်းနှင့် ငရုတ်ခူးဆွတ်နေမှုကို အားပေးကြည့်ရှုခဲ့သည်။

ယခုနှစ်တွင် ငရုတ်ဈေးကောင်းရသဖြင့် ငရုတ်အပင် ၂၄၀ စိုက်ပျိုးထားသော စိုက်ခင်းမှ ငွေကျပ် ၃၅ သိန်းခန့် ရရှိပြီးဖြစ်ကြောင်း အသင်းသားတောင်သူတစ်ဦးထံမှ သိရသည်။ **သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၇၃၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၆-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၅-၁၁-၂၀၂၂) ရက်နေ့ ည(၈:၀၀)နာရီမှ (၁၆-၁၁-၂၀၂၂) ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၆၀) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၆၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၅၇,၇၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၈၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၂၀၆) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၅-၁၁-၂၀၂၂) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၄၆,၂၄၆)ဦးနှင့် အသက်(၁၈)နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၂၁,၅၃၄) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၅) ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၁၅-၁၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၄၆,၂၄၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၂၁,၅၃၄ |



## အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုသောအားဖြင့် ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများ ပြုလုပ်

သထုံ နိုဝင်ဘာ ၁၆

မွန်ပြည်နယ် သထုံမြို့နယ်၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာများအသင်းတို့ ပူးပေါင်းကာ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲတို့ကို ယနေ့ နံနက်ပိုင်းက သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ အထက(၂) သထုံမှ နဝမတန်းကျောင်းသား ကျောင်းသူတို့က ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် မူလတန်းအဆင့် ပုံပြင်ပြော၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်၊ ပန်းချီဆွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ပြုလုပ်သည်။ အမက(လွန်)မော်ကျော့ကျောင်းမှ မူလတန်းကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲအသီးသီးမှ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။

အဆိုပါအခမ်းအနားတွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်သည့် စာအုပ်စာစောင်များ၊ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာမှတ်သားကြသည်။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ်ထုတ်ဝေသည့် "သတင်းစကား" လက်ကမ်းစာစောင်များ အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။ **နဒီ(ပြန်/ဆက်)**

## မလှိုင်မြို့နယ်၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းနှင့် ဂျင်းလမ်းသစ်ဖွင့်

မလှိုင် နိုဝင်ဘာ ၁၆

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နယ် ညောင်ကုန်းကျေးရွာတွင် အလျားပေ ၁၀၀၀၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မဒုရှိ ကွန်ကရစ်လမ်းသစ်နှင့် မလှိုင်မြို့နယ် ရေနီ(အနောက်)ကျေးရွာတွင် အလျားပေ ၂၂၆၀၊ အနံပေ ၂၀၊ အမြင့် တစ်ပေဒုရှိ ဂျမ်းလမ်းသစ်ဖွင့်ပွဲကို ယနေ့တွင် အဆိုပါကျေးရွာများ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ ဝ၅ဝ



## ဆီဆိုင်မြို့ မြို့မဈေးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

ဆီဆိုင် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့ မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနတို့ ပူးပေါင်း၍ ဈေးအတွင်း စားသောက်ဆိုင်များတွင် မီးဖိုအား စနစ်တကျအသုံးပြုရန်နှင့် အရေးပေါ်မီးငြိမ်းသတ်နိုင်စေရန် ပညာပေးခြင်း၊ ဆိုင်အတွင်း တပ်ဆင်ထားသည့် မီးသတ်ဆေးဘူးများ အသုံးပြုနိုင်ခြင်း ရှိ၊ မရှိနှင့် သက်တမ်းလွန်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးအတွင်း အရေးပေါ်မီးငြိမ်းသတ်ရန် တပ်ဆင်ထားသည့် မီးသတ်ရေငုတ်များ၊ မီးသတ်ဆေးဘူးများ၊ မီးသတ်ရေပိုက်များကြံ့ခိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးလုံခြုံရေးမီးများ၊ မိန်းခလုတ်နှင့် Auto Breaker တပ်ဆင်ထားရှိမှု၊ ကြံ့ခိုင်မှု စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၁၀



## ပြည်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ပြည် နိုဝင်ဘာ ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်သော ရေပေးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

### ဆောင်ရွက်ခဲ့

ဖြဟော်ကျေးရွာ၊ သပြေခုံကျေးရွာနှင့် ကိုင်းချောင်းကျေးရွာတို့၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၉၇၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ပျူတိုင်းသားကုမ္ပဏီမှ တာဝန်ယူ၍လည်းကောင်း၊ ကန်သာယာကျေးရွာနှင့် ပင်ရင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၄၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Mega Global Green Automation ကုမ္ပဏီမှ တာဝန်ယူ၍ ဆောင်ရွက်ခဲ့ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းက ပြောသည်။

အဆိုပါကျေးရွာငါးရွာ၌ ရေပေးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများအတွက်သာမက ကျွဲ၊ နွား တိရစ္ဆာန်များပါ ရာသီမရွေး သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။

သုတ




## ပြည်တွင်း ရွှေဈေးကွက်အလားအလာ

ရန်ကုန် နိုဝင်ဘာ ၁၆

ယခုအချိန်တွင် ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်လာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ လိုက်ပါမြင့်တက်ခြင်းမရှိဘဲ ဈေးနှုန်းတည်ငြိမ်နေသည်ကိုတွေ့ရသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၇၄ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် ၆၄ ဒေါ်လာပိုမိုခဲ့သည်။ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်းဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၂၀၉၀၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၇၆၀၀၀/- ပိုမိုသတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ်လေးသိန်းခွဲခန့်ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၅၃၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရသည်။ ပြည်တွင်းဈေးကွက်တွင် ရွှေစုဆောင်းလိုမှု လျော့ကျလာပြီး ဝယ်လိုအားထက် ရောင်းလိုအားပိုမိုနေကာ ကမ္ဘာ့ရွှေဈေးနှုန်းမြင့်တက်လာသော်လည်း ပြည်တွင်းရွှေဈေးနှုန်းမှာ ယခင်အပတ်ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA(ရန်ကုန်)၊ Source–YGEA

## ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

ချင်းရွှေဟော် နိုဝင်ဘာ ၁၆

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်နိုင်ငံသို့ ဆန်ကွဲ၊ Rubber MSR 20၊ RUBBER R.S.S (1)၊ RUBBER R.S.S (2)၊ RUBBER R.S.S (3)၊ နှံစားပြောင်းနှင့် ပြောင်းတို့ကို အဓိကထားတင်ပို့လျက်ရှိပြီးဝဥအစို၊ ဝဥအခြောက်၊ Concentrate Latex 60% DRC (ရော်ဘာကြမ်း)၊ Rubber M.S.R–20၊ ပန်းသီး၊ လိမ္မော်သီး၊ သစ်တော်သီး၊ ပန်းသစ်တော်သီး၊ စပျစ်သီး၊ တည်သီးအစို၊ တည်သီးအခြောက်တို့ကိုလည်းတင်ပို့လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း ပြောင်းရာသီရောက်ရှိလာပြီဖြစ်သည့်အတွက် ပြောင်းတင်ပို့မှု များပြားလာလျက်ရှိသည်။ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း၏ တစ်ပတ်အတွင်း ပို့ကုန်တင်ပို့မှုမှာ ၆ ဒသမ ၂၇၂ ဒေါ်လာသန်းဖြစ်ပြီး ယခင်သီတင်းပတ်၏ တင်ပို့မှုမှာ ၆ ဒသမ ၄၂၆ ဒေါ်လာသန်းဖြစ်သည့်အတွက် ယခင်သီတင်းပတ်နှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် လျော့နည်းခဲ့သည်။ ရှေ့လာမည့်ကာလများတွင် ကြံရာသီရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် ကုန်သွယ်မှုပမာဏတိုးတက်လာမည်ဖြစ်သည်။

### အများဆုံးတင်သွင်းနိုင်ခဲ့

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ တင်သွင်းမှုအနေဖြင့် စားသောက်ကုန်၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းတို့ကို အဓိကတင်သွင်းလျက်ရှိသည်။ ယခုသီတင်းပတ်အတွင်းအိမ်ရိုက်သံ၊ သံပိုက်၊ နန်းခွေ၊ အပင်ပိုးသတ်ဆေးများ၊ မြေဆီ၊ စောင်၊ ကြွေပြား၊ စက်ဘီးအပိုပစ္စည်းများ၊ စက်အပိုပစ္စည်းများ၊ ကြက်အူချောင်း၊ စတီးချိုင့်၊ စတီးလင်ပန်း၊ စတီးဇွန်း/ခက်ရင်း၊ စတီးဇလုံ၊ စတီးခွက်၊ ကော်စေ့စသည့် လူသုံးကုန်ပစ္စည်းများ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်နှင့် စက်အပိုပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများကို အများဆုံးတင်သွင်းနိုင်ခဲ့သည်။ ပြည်သူလူထုအတွက် အဓိကလိုအပ်သောပစ္စည်းများအား တင်သွင်းရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် အခြားနယ်စပ်စခန်းများနည်းတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း ဆောင်ရွက်ပေးလျက်ရှိသည်။




ယခုသီတင်းပတ်အတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ၂ ဒသမ ၆၄၀ ဒေါ်လာသန်း တန်ဖိုးရှိသောသွင်းကုန်များ တင်သွင်းခဲ့ပြီး ယခင်သီတင်းပတ်၏ သွင်းကုန်လုပ်ငန်းဆောင်ရွက်မှုမှာ ၂ ဒသမ ၅၈၁ ဒေါ်လာသန်းဖြစ်သည့်အတွက် ယခုသီတင်းပတ်နှင့် ယခင်သီတင်းပတ်နှိုင်းယှဉ်ပါက ပိုမိုတင်သွင်းနိုင်ခဲ့သည်။ လက်ရှိကာလတွင် ချင်းရွှေဟော်မြို့၏ ဒေသပေါက်ဈေးအရ ယွမ်ငွေ တစ်ယွမ်လျှင် ၄၁၇ ကျပ်၊ ၄၂၇ ကျပ်ဝန်းကျင်ဖြစ် ပေါ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်း အနည်းငယ်ပြောင်းလဲမှုရှိကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်သို့ စစ်တုံဥ (ဆင်နားရွက်ပိန်းဥ)တင်ပို့မှု ဆက်တိုက်မြင့်မားလျက်ရှိ

စစ်တွေ နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။

ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့်စစ်တုံဥကို အောက်တိုဘာလတွင် တန်ချိန် ၃၂၀ တန် တင်ပို့နိုင်ခဲ့ပြီး၊ ယခင်လ စက်တင်ဘာလနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၉၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့သည်။

ယခုနိုဝင်ဘာလပထမအပတ် ၂၉–၁၀–၂၀၂၂ မှ ၄–၁၁–၂၀၂၂ အတွင်းတွင်လည်း စစ်တုံဥ တန်ချိန် ၁၈၀ တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေအားဖြင့် ကန်ဒေါ်လာ ၁၈၉၀၀ ဝန်းကျင် (တစ်တန်လျှင် မြန်မာငွေကျပ် ၂၂၀၀၀၀) ခန့်ရရှိခဲ့သည်ဟု သိရသည်။ ယခုနိုဝင်ဘာလ ပထမအပတ်အတွင်း တင်ပို့နိုင်ခဲ့သည့် တန်ချိန်သည် ပြီးခဲ့သည့် အောက်တိုဘာလ တစ်လလုံးတင်သွင်းခဲ့သည့် တန်ချိန်၏ တစ်ဝက်ကျော်ခန့်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသော ဆန်ကြာဆံ

မောင်တော နိုဝင်ဘာ ၁၆

မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများ တင်ပို့လျက်ရှိရာတွင် ဆန်ကြာဆံအားပြည်ပပို့ကုန်အဖြစ် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သည်။

### ပိုမိုတင်ပို့နိုင်

၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လတာကာလအတွင်း ဆန်ကြာဆံတင်ပို့မှု တန်ချိန် ၂ ဒသမ ၈ တန်သာ တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ခြောက်လတာကာလအတွင်း ဆန်ကြာဆံတန်ချိန် ၉ ဒသမ ၇ တန်တင်ပို့နိုင်ခဲ့သဖြင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget)ကာလထက် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရသည်။ ဆန်ကြာဆံများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်တွင် ဝယ်လိုအားရှိသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်သည့်အတွက် ပို့ကုန်အလားအလာကောင်းသော ပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပန်းမုန်လာပွင့်(ခေါ်) ပန်းဂေါ်ဖီဈေးကွက်ကောင်းမွန်သဖြင့် စိုက်ပျိုးတောင်သူများ ဝင်ငွေကောင်း

မုံရွာ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုးအရှေ့ဖက်တွင်တည်ရှိသော ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်းကျေးရွာများသည် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိသည်။

တောင်သူများအနေဖြင့် ပန်းမုန်လာကို စက်တင်ဘာ၊ အောက်တိုဘာလဆန်းတွင် ပျိုးထောင်၍ ၃၅ ရက်သားတွင် စတင်စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ ခန့်တွင် ခူးဆွတ်ရကြောင်း သိရသည်။ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများ အပါအဝင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကျပ် ရှစ်သိန်းကုန်ကျပြီး ကျပ် ၁၅ သိန်းခန့် ပြန်လည်ရရှိရာ အကျိုးအမြတ်အနေဖြင့် ကျပ်ခုနစ်သိန်းခန့်ရရှိကြောင်း သိရသည်။

ခူးဆွတ်ပြီး ပန်းမုန်လာပွင့်များကို အရွယ်အစားအလိုက် တစ်ပွင့်လျှင် ငွေကျပ် ၉၀၀–၁၅၀၀ ခန့်ထိ ရောင်းချရကြောင်း၊ ပွဲစားများမှ ကျေးရွာသို့ လာရောက်ဝယ်ယူကြပြီး မြို့ပေါ်ပွဲရုံများနှင့် ရန်ကုန်၊ မန္တလေးမြို့ကြီးများအထိ တင်ပို့ရောင်းချလျက်ရှိရာ ပန်းမုန်လာပွင့်စိုက်တောင်သူများအနေဖြင့် တွက်ခြေကိုက်ကာ ဝင်ငွေကောင်းနေကြောင်း သိရသည်။



DOCA (စစ်ကိုင်း)

## မြဝတီကုန်သွယ်ရေးဇုန်မှ CMP အထည်များ၊ လယ်ယာနှင့် ရေထွက်ကုန်များ ထိုင်းနိုင်ငံသို့တင်ပို့

မြဝတီ နိုဝင်ဘာ ၁၆

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ CMP၊ လယ်ယာထွက်ကုန် ပစ္စည်းများနှင့် ရေထွက်ပစ္စည်းများတင်ပို့မှုရှိပြီး လယ်ယာထွက်ကုန်များအနေနှင့် ငရုတ်၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ ဂေါ်ဖီထုပ်၊ ဝဥစို၊ ရော်ဘာတို့ကို အများဆုံးတင်ပို့လျက်ရှိသည်။ CMP တင်ပို့မှုတွင် အမျိုးသားဝတ် ဘောင်းဘီတို/ရှည်များ၊ ကုတ်အင်္ကျီ၊ ဂျာကင်အင်္ကျီများဖြစ်ပြီး ငါးပါးနီ၊ ငါးမြွေထိုး၊ ငါးသလောက်၊ ငါးခွေးလျှာ၊ ငါးခားလွယ်၊ ငါးမုတ်၊ ကဏန်း၊ ပုစွန်၊ ငါးပိစသည့် ရေထွက်ကုန်များ အဓိကတင်ပို့လျက်ရှိသည်။ ရေထွက်ပစ္စည်းများကို မဲဆောက်မှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အထိ တင်ပို့လျက်ရှိပြီး ကုန်သွယ်မှုလမ်းကြောင်း တစ်လျှောက် ကုန်သွယ်ရေးဇုန်၊ BCF တံတား–၂ တို့မှ တစ်ဆင့် ထိုင်းနိုင်ငံသို့ အမြန်ရောက်ရှိရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ ကုန်စိမ်းပို့ကုန်များဖြစ်ကြသည့် ကြက်သွန်နီ၊ ငရုတ်၊ ဂေါ်ဖီထုပ်တို့ကို အမြန်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်ရေးဇုန်မှ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမလဝက်အတွင်း ပို့ကုန်တန်ဖိုး ၁၈ ဒသမ ၅၀၉ ဒေါ်လာသန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုလအတွင်း ထိုင်းဘတ်ငွေ တစ်ဘတ်လျှင် မြန်မာငွေ ၆၇ ကျပ်မှ ၈၀ ကျပ်အတွင်း အတက်အကျဈေးမတည်ငြိမ်ကြောင်း သိရသည်။

သတင်းစဉ်

## တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တင်ပို့နိုင်မှုအခြေအနေ

တာချီလိတ် နိုဝင်ဘာ ၁၆

တာချီလိတ်ဒေသမှ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်နေပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ရော်ဘာစေး တန်ချိန် ၄၀ တင်ပို့နိုင်ခဲ့သည်။ ယခင်က တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ဒေါ်လာဖြင့်သာ တင်ပို့ခဲ့ကြပြီး ယခုအခါ ငွေပေးချေမှုအဆင်ပြေချောမွေ့စေရေးအတွက် ယွမ်ငွေကြေးဖြင့်ပါ ခွင့်ပြုထားသဖြင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအတွက် ယွမ်ငွေကြေးဖြင့် ဆောင်ရွက်လျက်ရှိသည်။ တာချီလိတ်ဒေသတွင် ယွမ်ငွေလဲနှုန်းမှာ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် တစ်ယွမ်လျှင် မြန်မာငွေ ၄၁၃ ကျပ်ခန့် ပေါက်ဈေးဖြစ်ပေါ်နေကြောင်း သိရသည်။ တာချီလိတ်ဒေသ၏ ကုန်သွယ်မှုလမ်းကြောင်းမှာလည်း တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဝတ္ထုတို

# အတွေးကိုယ်စီ

လင်းမောင်(စီးပွားရေး)

"ရွာကျောင်းမှာပဲ စာမေးပွဲဖြေရမယ်ဆိုရင် ပိုကောင်းမယ်" တက္ကသိုလ်ဝင်တန်းကို ရွာရှိအခြေခံပညာအထက်တန်းကျောင်းတွင်သာ စာမေးပွဲဖြေဆိုနိုင်ရေး ကြိုတင်အတွေးဖြင့် စိတ်စောနေကြသည့် ကျောင်းသားမိဘများ၏စကားပင်။

ကျွန်တော်တို့ဇာတိရွာကလေးသည် လွန်ခဲ့သည့်နှစ်ပေါင်းလေးဆယ်ခန့်ကပင် တွဲဖက်အလယ်တန်းကျောင်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ကျွန်တော်တို့ တက်ရောက်ပညာသင်ယူခဲ့ရသည့်ကာလများသည် ဝါးခယ်မမြို့ရှိ ဦးဘိုကြီးကျောင်းမှ တွဲဖက်ရယူထားသည့် တွဲဖက်အလယ်တန်းကျောင်းဖြစ်သည်။

တွဲဖက်ကျောင်းတွင် တက်ရောက်ပညာသင်ယူရသည့် ကျောင်းသားကျောင်းသူများသည် သတ်မှတ်ထားသည့် ကျောင်းလခပေးကြရသည်။ ကျောင်းကော်မတီက ပြင်ပမှသင်ကြားနိုင်သည့် ဆရာ ဆရာမများကို ငှားရမ်းကာ သက်ဆိုင်ရာအတန်းများကို သင်ကြားပေးခြင်းဖြစ်ရာ သင်ကြားရသည့် ဆရာ ဆရာမများသည် အလွန်ပင်ပန်းခံကြရသည်ဟု သိရသည်။ စေတနာလွန်စွာထားရှိကြသူများဖြစ်ကြောင်းလည်း ကျောင်းသားမိဘများက ပြောကြသည်။ အားလည်းကိုးကြသည်။ ချစ်လည်းချစ်ခင်ကြသည်။

ထိုဆရာ၊ဆရာမများကို ကျောင်းသားမိဘများက တစ်လှည့်စီ၊ တစ်အိမ်စီက နေ့စဉ်ထမင်းကျွေးကြသည်။ အချိန်ကာလအားဖြင့် နှစ်ပေါင်းလေးဆယ်ဝန်းကျင်ရှိနေပေပြီ။ ကျွန်တော်တို့သည်ပင် အသက်အရွယ်မငယ်ကြတော့သည့်အချိန်ဖြစ်သည်။

"မင်းတို့ စည်းဝေးတာ ဘာထူးလဲ" တောင်ဒဂုံမှ ကိုထွန်းထွန်းက မေးရာ ဒေါ်ပုံမှကိုပေါက်က ချက်ချင်းပြန်ဖြေလိုက်သည်။

"အဆင်ပြေမှာပါ။ စာစစ်ဌာနရရှိရေးအတွက် တိုင်းမှာ လျှောက်လွှာတင်ထားပြီးပြီ။ မြို့နယ်၊ ခရိုင်၊ တိုင်း စတဲ့သက်ဆိုင်ရာဌာနတွေက ထောက်ခံပေးတယ်တဲ့၊ အားရှိစရာပါကွာ"

ကြီးနီစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် စာစစ်ဌာနရရှိရေးကိစ္စသည် ရွာရှိကျောင်းအကျိုးတော်ဆောင်များသာမက ရန်ကုန်တွင်ရောက်ရှိကာ အခြေကျနေကြသော ကြီးနီစုရွာသားများပင်လျှင် စိတ်ဝင်တစားရှိနေကြသည်။ ဝိုင်းဝန်းကြိုးစားကြရန်ဆော်ဩလျက်ရှိသည်။ လိုအပ်သည်များကို ဖြည့်စွမ်းပေးကြရန် စည်းဝေးတိုင်ပင်နေကြသည်လည်းဖြစ်သည်။

"ရွာအရေးပဲကွာ။ ဝန်းရံရမှာပေါ့။ မြို့မှာစာမေးပွဲသွားဖြေရတဲ့အခက်အခဲကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရတာပဲ။ ကိုယ်ချင်းစာပါတယ်။ လူရောစိတ်ရောပင်ပန်းရတယ်။ ငွေလည်းအကုန်အကျများတယ်။ တို့ရွာသူရွာသားတွေဆိုတာ ချမ်းသာတာမဟုတ်ဘူး။ ရှိစုမဲ့စုလေးတွေစုပြီး ရောင့်ရဲတင်းတိမ်ကြိုးစားကြရတာ။ ခုလိုစာစစ်ဌာနရရင် ရွာကျောင်းမှာတင် စာမေးပွဲဖြေလို့ရမယ်ဆိုတော့ အတိုင်းမသိဝမ်းသာတယ်။ အကုန်အကျသက်သာလာမယ်။ သွားရလာရတာလည်း အချိန်




မကုန်တော့ဘူးပေါ့။ ရှင်းရှင်းပြောရရင် စိတ်အားမငယ်တော့ဘူးပေါ့ကွာ" ကိုထွန်းထွန်းက ငယ်စဉ်ကဝါးခယ်မမြို့တွင် စာမေးပွဲသွားရောက်ဖြေဆိုရသည့်အကြောင်းကို အစချီကာ အမှတ်တရပြန်ပြောသည်။

ထိုစဉ်က မြို့ပေါ်သို့သွားရသည်က မလွယ်ကူ၊ ကဝဲချောင်းက ရေလှည့်မသင့်ပါက ချောင်းစပ်ရှိရွာလမ်းအတိုင်း လေးငါးမိုင်လမ်းလျှောက်ကြရသည်။ ပစ္စည်းများကို လှေ သို့မဟုတ် စက်လှေပေါ်တွင် တင်ပေးလိုက်ရသည်။ လူက မြို့ပေါ်သို့ ရောက်နေသည့်တိုင် ပစ္စည်းတင်စက်လှေက ရောက်မလာနိုင်သေး။ ရေတက်လာပါမှ ချောင်းအတွင်း သွားလာရလွယ်ကူသဖြင့် ရေတက်ရေကျကြည့်ပြီး သွားလာနေရသည့်အခြေအနေလည်းဖြစ်သည်။

"သွားရလာရတဲ့လမ်းခရီးက အတော်မလွယ်ကူခဲ့ဘူးနော်"

"အခုအချိန်အထိကို မလွယ်ကူသေးပါဘူးကွာ။ သရွက်မြိုက်တံတားကျေးဇူးကြောင့် သရွက်မြိုက်ရွာအထိ မြို့ကနေ ဆိုင်ကယ်နဲ့သွားလာလို့ရသေးတယ်ပြောရမယ်။ ဒါတောင် ရွာကိုရောက်ဖို့ စက်လှေထပ်စီးရတာ အချိန်မနည်းကုန်သေးတယ်။ တစ်ခေါက်တစ်ခေါက်သွားရတာ လွယ်မှတ်လို့ကွာ" စကားဝိုင်းတွင် ကြီးနီစုရွာသားတစ်ဦးက ပြောလိုက်ရာ အားလုံးက ဝိုင်းဝန်းထောက်ခံကြသည်။

"အေးလေ၊ အဲဒါကြောင့် ရွာကျောင်းမှာ စာစစ်ဌာနအမြန်ကျစေချင်တာပေါ့။ ဒီနှစ်စာမေးပွဲရာသီ မရောက်ခင်ကျလာမှ ကလေးတွေ ရွာကျောင်းမှာ စာမေးပွဲဖြေဆိုနိုင်မှာပေါ့" ရန်ကုန်တွင်တာဝန်ကျနေသည့် ကြီးနီစုရွာသူ ဆရာမဒေါ်ယဉ်ယဉ်ကြည်က ပြောသည်။

ကျွန်တော့်အတွေးများက ငယ်စဉ်ကစာမေးပွဲဖြေခါနီးအချိန်ကို သတိရမိလာသည်။ တစ်နှစ်တစ်နှစ် မြို့ကိုစာမေးပွဲသွားဖြေရန်အတွက် များစွာအရှိန်ယူကြရသည်။ ငွေကြေးမပြည့်စုံသူ ဆင်းရဲသားဖြစ်ခြင်းကြောင့် ရွာရှိ ဦးမင်းသားချင်းများ၊ ရင်းနှီးသည့်ရွာသူရွာသားများက နိုင်သလောက်ကူညီပေးသည့် ငွေစကလေးများဖြင့် စာမေးပွဲဖြေဆိုရန်စရိတ်အဖြစ် အသုံးပြုခဲ့ရသည်။ မြို့ပေါ်တွင်လည်း ဒေါ်မိကိုးတို့နှင့်ရင်းနှီးသည့် ဒေါ်ကြည်တို့အိမ်တွင် ခေတ္တတည်းခိုကာ စာမေးပွဲဖြေဆိုရခြင်းဖြစ်သည်။ စာမေးပွဲဖြေဆိုရသည့်အချိန်တစ်ခုသာ မြို့ပေါ်သို့လာရောက်နိုင်ခြင်းဖြစ်ပြီး ကျန်အချိန်များတွင် မြို့ပေါ်သို့မရောက်နိုင်တော့ပေ။

"မင်းကလည်းပြောဦးလေ၊ ဘာတွေစဉ်းစားနေတာလဲ၊ ငြိမ်ချက်သားကောင်းနေလို့"

"အတိတ်ကအချိန်တွေကို သတိရသွားလို့ပါကွာ။ ငယ်တုန်းကဘဝတွေက အတော်ကြမ်းတမ်းခက်ထန်ခဲ့တာပဲ။ အခုအချိန်မှာ ပြန်တွေးကြည်တော့ ဘယ်လိုများဖြတ်သန်းခဲ့သလဲဆိုတာ ပြန်မတွေးရဲတဲ့အထိပါပဲ။ တစ်ခါတစ်ခါ ပြန်တွေးကြည့်ရင် မျက်ရည်ကျတဲ့အထိ ဝမ်းနည်းစရာကောင်းတယ်။ ခုလိုဘဝမျိုးကို ဘယ်လိုများရောက်လာသလဲလို့တောင် မျက်စိလည်တယ်ကွာ" ကိုထွန်းထွန်းက ကျွန်တော့်ကို ငြိမ်ချက်သားကောင်းနေပါလားဟူသည့်အမေးက တွေးနေမိသည့်အတွေးတို့ကို ပိုမိုသတိရစရာများဖြစ်စေပြီး ရင်ကိုလှိုက်မောစေလိုက်သည်။ ဝမ်းနည်းစရာ၊ စိတ်မကောင်းစရာတို့သည်ကား ကျွန်တော့်ဘဝတွင် အဆန်းတကြယ်မဟုတ်ဟု ဆိုနိုင်လေပြီဖြစ်သည်။

"မင်းကအတိတ်ကံကောင်းပါတယ်"

ကျွန်တော့်ကို အတိတ်ကံကောင်းသည်ဟု ပြောသူအတော်များသည်။ ကျွန်တော်ကြိုးစားရုန်းကန်ခဲ့ရသည်များကိုကား အလွယ်တကူ မသိနိုင်ကြသဖြင့်သာ ပြောကြသည်ဟုမှတ်ယူပါသည်။

ဘဝ၏စေစားရာ၊ လျှောက်လှမ်းရာလမ်းတစ်လျှောက်တွင် ဖြောင့်ဖြူးသာယာသည်က နည်းလှသည်။ ခက်ထန်ကြမ်းတမ်းသည့် အချိန်ကာလများစွာကို ကျော်ဖြတ်နိုင်စွမ်းရှိလာသဖြင့်သာ အခြေအနေတစ်ခုသို့ ရောက်ရှိလာရခြင်းသာဖြစ်သည်ဟု ယူဆရပေမည်။

ဆင်းရဲခြင်း၊ ချမ်းသာခြင်းဟူသည် အတိတ်ကံနှင့်ဆိုင်သည်မှာ မှန်သော်လည်း ရရှိသည့်အချိန်နှင့် အခွင့်အရေးကို အကျိုးရှိရှိအသုံးချနိုင်သူသည်သာ ချမ်းသာကြွယ်ဝလာကြသည်ဖြစ်ကြောင်း ကျွန်တော်ကောင်းကောင်း နားလည်မိသည်။

"ဘာပဲဖြစ်ဖြစ်ကွာ တို့ရွာကျောင်းမှာ စာစစ်ဌာနရရှိအောင်တော့ ငါတို့တွေဝိုင်းဝန်းရမယ်၊ ဝန်းရံရမယ်၊ ဆုတောင်းကြရမယ် သူငယ်ချင်းတို့၊ ဒါမှသာရွာကျောင်းကို အမှီပြုတက်ရောက်နေကြရတဲ့ ကျောင်းသားကျောင်းသူတွေအတွက် အဆင်ပြေမှာ။ စာမေးပွဲဖြေဆိုရာမှာ အားမငယ်မှာ၊ ငွေကြေးလည်း အကုန်အကျ သက်သာမှာ၊ မိဘတွေလည်း ကိုယ့်ရွာနဲ့ကိုယ့်ကျောင်းဆိုတော့ စိတ်မပူပန်ရတော့ဘူးပေါ့"

ထိုတနင်္ဂနွေသည် ကျွန်တော်တို့ ရန်ကုန်ရောက်ကြီးနီစုရွာသားများ၏ ရွာအကျိုးရှိမည့်ကိစ္စများကိုသာ ရှေးရှုဆွေးနွေးကြလျက် ဇာတိရွာအလွမ်းကိုဖြင့် အတွေးကိုယ်စီရှိနေကြမည်ဖြစ်ပေတော့သည်။ ။

■

# ချိုချင်းခလေ့ ရေချောင်းရှင်ဥပမာ

အမ်းမ်လောင်ရှီ

ချိုချင်းတို့သည် ရေချောင်းများကိုအမှီပြု၍ အသက်မွေးဝမ်းကျောင်းအလုပ် လုပ်ကြရသည်။

သောက်ရေ၊ သုံးရေ၊ ချက်ပြုတ်ရေတို့အတွက် ရေသည် မရှိမဖြစ်အရေးကြီးသဖြင့် ရွာတည်သောအခါ ရာသီမရွေး စီးဆင်းသောချောင်းတစ်ခုခုအနီးတွင် ရွာတည်လေ့ရှိသည်။

ရွာအနီးရှိချောင်းသည် အကြောင်းတစ်ခုခုကြောင့် တိမ်ကောသွားပါက အားကောင်း၍ ရာသီမရွေးစီးဆင်းသော ရေချောင်းတစ်ခုခုအနီးသို့ ပြောင်းရွှေ့ကာ ရွာတည်လေ့ရှိကြသည်။

ချောင်းများ ဝဲယာဘေး၌ သစ်ကြီးဝါးကြီးများ ပေါက်လေ့ရှိသဖြင့် ထိုချောင်းအနီးဝန်းကျင်သည် တောင်ယာခုတ်စိုက်ပျိုးရန် အကောင်းဆုံးဖြစ်လေ့ရှိသည်။


ချောင်းများကို အမှီပြုရပ်တည်သော ချိုချင်းတို့သည် ချောင်းများ၏သဘာဝကိုလည်း သတိပြုမိကြသည်။ ရေချောင်းများကို နှစ်မျိုးနှစ်စားတွေ့ရသည်။

၁။ ရေချောင်းရှင်

နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အမြဲတစေစီးဆင်းရှင်သန်လေ့ရှိသော ချောင်းများကို ရေချောင်းရှင်ဟုခေါ်သည်။

၂။ ရေချောင်းသေ

မိုးများရွာသော မိုးရာသီ၌သာ အားကောင်းမောင်းသန်စီးဆင်း



စာရေးသူ၏ဇာတိရွာအနီးရှိ
ရေချောင်းအလယ်၌ စာရေးသူမှတ်တမ်းတင်ခဲ့စဉ်။

တတ်ပြီး ဆောင်းရာသီ၊ နွေရာသီများ၌ ရေများ ခန်းခြောက်သေဆုံးသွားလေ့ရှိသောချောင်းများကို ရေချောင်းသေဟုခေါ်သည်။

မျိုးနွယ်ကြီးများ မျိုးနွယ်ခွဲများ ဆွေမျိုးစုများ၏ မျိုးဆက်အဆင့်ဆင့်ကို လေ့လာသောအခါတွင်လည်း ရေချောင်းရှင်နှင့်တူသော မျိုးဆက်များနှင့် ရေချောင်းသေနှင့်တူသော မျိုးဆက်များဟု နှစ်မျိုးတွေ့ရသည်။

သားသမီးများစွာ ထွန်းကားခြင်း၊ စိုက်ပျိုးသီးနှံစားနပ်ရိက္ခာများဖြစ်ထွန်းခြင်း၊ ရွှေနားဘက်နှင့် နွားနောက်များ ပိုင်ဆိုင်ချမ်းသာခြင်း၊ သူရသတ္တိနှင့်ပြည့်စုံ၍ ရန်သူတို့ကို တိုက်ခိုက်အောင်မြင်ခြင်း၊ လုံယူးခေါ် ကျောက်ပြင်ချီအလှူပွဲကြီးများ ပြုလုပ်စွမ်းဆောင်နိုင်ခြင်း၊ နှုတ်ရေးစွမ်းရည်ထက်မြက်ခြင်း၊ ကျန်းမာခြင်း၊ အသက်ရှည်ခြင်း စသည့်အချက်များပြည့်စုံပါက ထွန်းတောက်သောပုဂ္ဂိုလ်များအဖြစ် ချင်းခလေ့က သတ်မှတ်သည်။

အဘိုး၊ အဖေ၊ သား၊ မြေး စသဖြင့်မျိုးဆက်အဆင့်ဆင့်သည် ထွန်းတောက်သောသူများဖြစ်ပါက ရေချောင်းရှင်နှင့်တူသော မျိုးဆက်များဖြစ်သည်ဟု ချီးမွမ်းဂုဏ်ပြုလေ့ရှိကြသည်။

အဘိုးလက်ထက်က ထွန်းတောက်ခဲ့ပါသော်လည်း အဖေနှင့်သားလက်ထက်တွင် မထွန်းတောက်ဘဲ မြေးလက်ထက်တွင်မှ ထွန်းတောက်ခြင်းမျိုးဖြစ်ပါမူ ရေချောင်းသေနှင့်တူသော မျိုးဆက်များဖြစ်သည်ဟု သုံးသပ်ဝေဖန်လေ့ရှိကြသည်။

ရေချောင်းသေနှင့်တူသော မျိုးဆက်များအဖြစ်ကို မလိုလားကြပေ။ ရေချောင်းရှင်နှင့်တူသော မျိုးဆက်များအဖြစ်ကိုသာ လိုလားကြသည်။ ထိုသို့ဖြစ်အောင် ကြိုးစားအပ်သည်ဟု ဘိုးဘွားမိဘရပ်ရွာအကြီးအကဲများက သားသမီးမြေးမြစ်နှင့် ရွာသားနောက်လိုက်များအား ရေချောင်းရှင် ဥပမာဖြင့် ပြောဆိုဆုံးမလေ့ရှိသည်မှာ ချိုချင်းခလေ့ပင်ဖြစ်ပါကြောင်း မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

ပါမောက္ခဒေါက်တာခင်ရီဝင်း

## မျောက်နှင့်မိကျောင်း

ရှေးလွန်လေပြီးသောအခါက မြစ်ကြီးတစ်ခုအတွင်း၌ မိကျောင်းဖိုနှင့် မိကျောင်းမတို့ရှိကြလေသည်။ သူတို့သည် မြစ်အတွင်း၌ ပျော်ရွှင်စွာနေထိုင်ကြသည်။ တစ်နေ့သော် မိကျောင်းမကြီးသည် မကျန်းမမာဖြစ်လေသည်။

"ကျွန်မနေမကောင်းဘူး။ ကျွန်မရဲ့စိတ်ထဲမှာ မျောက်ရဲ့အသည်းနှလုံးကို စားချင်နေတယ်။ ဒါကြောင့် မျောက်ရဲ့နှလုံးသားကို ရအောင်ရှာပေးပါ။ မရရင်တော့ ကျွန်မသေရတော့မှာပါပဲ" ဟု မိကျောင်းမက မိကျောင်းဖိုအား ပြောလေရာ မိချောင်းဖိုကလည်း မျောက်တို့ရှိတတ်ရာရာနေရာတို့ကို လှေ့လာရတော့သည်။


မိကျောင်းတို့ကျက်စားရာ မြစ်ကမ်းစပ်ပေါ်တွင် သစ်ပင်များစွာရှိသည်။ ထိုသစ်ပင်များပေါ်တွင် မျောက်တို့ များစွာနေထိုင်ကြသည်။ ထို့ကြောင့် မိကျောင်းဖိုသည် မြစ်ကမ်းစပ်သို့သွား၍ အခြေအနေကို စောင့်ကြည့်နေသည်။ ထိုအခါ အခြားမျောက်များထက် ရဲရင့်ပြီး ထူးခြားသောမျောက်တစ်ကောင်ကို တွေ့လေသည်။ ထိုမျောက်သည် ရေစပ်သို့ထိုးထွက်နေသော သစ်ကိုင်းများပေါ်တွင် ဟိုမှသည်မှ ခုန်ပေါက်ကူးသန်းပြေးလွှားနေသည်။

"အဆွေမျောက်၊ ဘာကြောင့် မြစ်ရဲ့သည်ဘက်ပိုင်းမှာပဲ နေတာလဲ။ မြစ်ရဲ့တစ်ဖက်ကမ်းမှာ ငှက်ပျောသီးတွေ၊ သရက်သီးတွေနဲ့ အခြားလှပတဲ့သစ်သီးတွေ အများကြီးရှိတယ်။ ကျုပ်ကိုစီးပြီးလိုက်ခဲ့မယ်ဆိုရင် ဟိုဘက်ကမ်းကို ပို့ပေးပါ့မယ်" မိကျောင်းဖိုက မျောက်အား ပြောလေသည်။

သို့သော် မျောက်ကြီးက မယုံကြည်သဖြင့် ပြန်လည်ငြင်းဆိုလိုက်သည်။

"မသွားချင်ပါဘူး။ ဒီအကြောင်းကလည်း ခင်ဗျားလိမ်တာပဲဖြစ်မှာပါ။ အခုနေတဲ့နေရာလောက် ကောင်းတဲ့နေရာမရှိတော့ဘူး"

မည်သို့ပင်ဖြစ်စေ မိကျောင်းဖိုသည် ဖွဲမလျှော့ဘဲ ကမ်းစပ်သို့ နေ့စဉ်နေ့တိုင်းလာရောက်ကာ မျောက်ကြီးအား အထက်ပါနည်းအတိုင်း ပြောဆိုသွေးဆောင်လျက်ရှိသည်။ မိကျောင်းမသည်လည်း ကျန်းမာရေးမသက်သာသဖြင့် နေ့စဉ်ညည်းတွားနေလေရာ မိကျောင်းဖိုမှာ စိတ်မချမ်းသာဖြစ်နေရသည်။ ထို့ကြောင့် မျောက်ကြီးအား



တစ်နေ့မပြတ်ဆက်လက်သွေးဆောင်နေလေသည်။ နောက်ဆုံးတွင် မျောက်ကြီးသည် မိကျောင်းဖို၏ စကားကို နားဝင်သွားတော့သည်။

"မိကျောင်းဖိုရေ ဒီလောက်ပြောနေမှတော့ တစ်ဖက်ကမ်းကို သွားရောက်လေ့လာတာပေါ့ဗျာ။ အသွားအပြန်တော့ တာဝန်ယူပေးနော်"

"စိတ်ချပါ အဆွေရာ၊ စိတ်သာချပါဗျာ"

မျောက်ကြီးနှင့် မိကျောင်းဖိုတို့ သဘောတူညီမှုရရှိကာ မျောက်ကြီးသည် မိကျောင်းဖို၏ကျောပေါ်သို့ ခုန်တက်လိုက်လေသည်။ ထို့နောက် မြစ်ကို ဖြတ်ကူးကြတော့သည်။ မြစ်လယ်သို့ရောက်သောအခါ မိကျောင်းဖိုသည် ရေထဲသို့ ငုပ်လိုက်သည်။

"အဆွေမိကျောင်း ဘာလုပ်တာလဲ၊ ကျုပ်ကိုရေစိုကုန်ပြီ၊ ရေပေါ်အမြန်ပြန်တက်ပါ" ဟု မျောက်ကြီးက အော်ပြောရာ မိကျောင်းဖိုက အကြံဖြင့် ခေါ်လာကြောင်း ဝန်ခံပြောဆိုသည်။

"အဆွေမျောက်ကြီးရေ ခွင့်လွှတ်ပါဗျာ။ ခင်ဗျားကို လိမ်ညာပြီး ခေါ်လာတာ ဝန်ခံပါတယ်။ မိကျောင်းမက မျောက်ရဲ့အသည်းနှလုံးကို စားချင်တယ်ဆိုလို့ပါ။ မိကျောင်းမဟာ အဲဒီစိတ်နဲ့ မကျန်းမမာဖြစ်နေရပါတယ်။ မျောက်အသည်းနှလုံးမရပါက သေရတော့မှာဖြစ်လို့ ခုလိုကြံစည်လိုက်ရတာပါ"

မျောက်ကြီးက မိကျောင်းဖို၏စကားအဆုံးမှာ အားပါးတရရယ်မောလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်းပြောလိုက်သည်။

"ဒါကြောင့် အဆွေက ကျုပ်ကိုသတ်ဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တာကိုး။ သင်ဟာမိုက်မဲပြီး စဉ်းစားဉာဏ်အတော်နည်းတာပဲ။ မျောက်ရဲ့အသည်းနှလုံးက သိပ်လေးတာ။ ဒါကို ရင်ဘက်ထဲမှာထည့်ပြီး ခုန်ပေါက်ပြေးလွှားနေလို့ မရဘူး။ ဒါကြောင့် မျောက်တွေဟာ အသည်းနှလုံးကို သစ်ကိုင်းပေါ်မှာပဲ ချိတ်ဆွဲထားတတ်ကြတယ်။ ဒါမှသာ ပေါ့ပါးလွတ်လပ်စွာနဲ့ ခုန်ပေါက်ပြေးလွှားနိုင်မှာပေါ့။ တကယ်လို့ မျောက်ရဲ့အသည်းနှလုံးကို လိုချင်တယ်ဆိုရင်တော့ ကျုပ်ကို ကမ်းကို ပြန်ပို့ပေးပါ။ သစ်ပင်ပေါ်မှာရှိတဲ့ အသည်းနှလုံးနှစ်ခုကို ယူပေးပါ့မယ်"

"ဟုတ်လား၊ ဒါဆို ကမ်းဘက်ကို ပြန်ပို့ပေးမယ်။ မျောက်ရဲ့အသည်းနှလုံးကိုသာ အမြန်ဆုံးယူပေးလိုက်ပါ"

ဉာဏ်နည်းသောမိကျောင်းဖိုသည် မျောက်၏စကားကို ယုံကြည်ကာ မျောက်ကြီးကို ကမ်းပေါ်သို့ ပြန်ပို့ပေးလိုက်သည်။ ထို့နောက် မျောက်ကြီးသည် သဖန်းပင်ပေါ်မှ သဖန်းသီးမှည့်နှစ်လုံးကို ခူး၍ မိကျောင်းဖိုကြီးအား ပေးလိုက်လေသည်။

မိကျောင်းမသည်လည်း သဖန်းသီးများကို စားသောက်လေသည်။ မိကျောင်းမကြီး၏စိတ်ထဲတွင် မျောက်အသည်းနှလုံးကို စားသောက်ရပြီဟုထင်မှတ်ကာ အလွန်ကျေနပ်သွားလေသည်။ ထိုနေ့မှစ၍ မိကျောင်းမသည် ပြန်လည်ကျန်းမာသွားလေတော့သည်။ ။

**Ref; SHAN LEGENDS– by Pu Loi Hom and Pu Loi Tun.**

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

## စကောကရင်စကားထာ

ရှေးလွန်လေပြီးသောအခါက ရာမညတိုင်းဒေသအတွင်းရှိ ကျေးလက်ရွာတစ်ရွာတွင် ဗညားနှင့် လဂွန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ယောက်ရှိသည်။ သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ပညာသင်ယူလျက်ရှိသည်။

ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်တိုင်းရင်းသားဆရာတော်ကြီးဖြစ်ပြီး စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်ကြီးအဖြစ် ထင်ရှားသည်။

ဗညားနှင့် လဂွန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏ တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

"ဗညားရေ ဉာဏ်စမ်းပဟေဠိမေးဖို့၊ ဖြေဖို့၊ ကစားဖို့ အချိန်ကျပြီ"

"ဟုတ်လား၊ အချိန်ကျရင်လည်း စကြမယ်လေကွာ" လဂွန်းအိမ်၏ စကားကို ဗညားက ချက်ချင်းပင် ပြန်ပြောလိုက်သည်။

"ကဲ– မေးပြီ ဗညားရေ၊ 'မတီးဘဲမြည်' တဲ့။ အဲဒါ ဘာလို့ထင်သလဲ"

ဗညားတစ်ယောက် လဂွန်းအိမ်၏ ဉာဏ်စမ်းအမေးကို တီးတိုးရွတ်ဆိုလိုက်သည်။ နှစ်ခေါက်၊ သုံးခေါက် ရွတ်ဆိုကြည့်နေသော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်၍ စဉ်းစားနေရသည်။

"ခဏစောင့်ပေးပါ သူငယ်ချင်း၊ စဉ်းစားနေဆဲမို့ပါ"

"ရပါတယ်ကွာ စဉ်းစားပါ။ အချိန်တော့ သိပ်မဆွဲနဲ့ပေါ့။ စဉ်းစားမရရင်လည်း အားမနာနဲ့ ပန်းပေးလိုက်လို့ရတယ်။ အဖြေကတော့ ရှိပြီးသား"

လဂွန်းအိမ်က ဗညားကိုမထိတထိ ပြောလိုက်ပြီး မြက်ခင်းစိမ်းစိမ်းပေါ်သို့ လှဲချလိုက်သည်။

"ဟူး...တော်ပါသေးရဲ့ လဂွန်းအိမ်ရာ။ ခုမှ စဉ်းစားလို့ရတယ်။ သူငယ်ချင်းမေးတဲ့ မေးခွန်းက 'မတီးဘဲမြည်' ဆိုတော့ အဖြေက 'မိုးကြိုး' ပေါ့ကွာ။ စကောကရင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းတွေထဲက မဟုတ်လား။ ဟုတ်တယ်ဟုတ်"

"ဟုတ်ပ့ါကွာ ဟုတ်ပ့ါ။ တော်လိုက်တာ ဗညားရာ"

"ဒီတစ်ခါတော့ ငါမေးရမယ့်အလှည့်ပေါ့နော်"

"ဟုတ်တယ်လေ၊ မေးပါသူငယ်ချင်း မေးပါ"

ဗညားကမေးမည့် စကားထာဉာဏ်စမ်းကို တီးတိုးရွတ်ဆိုကြည့်ရင်း မန်ကျည်းပင်ကြီးကို ကျောမှီလိုက်သည်။ ပြီးမှဖြည်းဖြည်းချင်းဆက်ပြောသည်။

"လဂွန်းအိမ်ရေ မေးချင်တဲ့မေးခွန်းက 'သစ်ပင်တက်ထီးဆောင်း' ဆိုတာပဲ။ ဘာဖြစ်မလဲ ဖြေကြည့်ပေါ့"

"ဟိုးဆရာ၊ မင်းမေးတဲ့မေးခွန်းက အဆန်းကြီးပါလား။ လွယ်မလိုနဲ့ ခက်နေပါပေါ့လား။ စဉ်းစားရပေဦးတော့မှာပေါ့ကွာ။ စဉ်းစားပါရစေဦး"

"မနောက်ပါနဲ့ဦးလေးရာ အဖြေက လွယ်လွန်းပါတယ်။ စဉ်းစားမရရင်တော့ ပန်းပေးလိုက်ပေါ့" လဂွန်းအိမ်ကို ဗညားက ခနဲ့သည့်လေသံဖြင့် ပြောလိုက်သည်။

"အဖြေကို သိနေတဲ့သူအတွက်ကတော့ လွယ်လွန်းနေမှာပါပဲ။ မသိသေးတဲ့သူအတွက်ဆိုရင် မနည်းစဉ်းစားရမယ်၊ မနည်းမနောကို ကြိုးစားပြီး ဖြေရမှာပေါ့ ဗညားရာ။ မေးထားတာကဘာတဲ့ 'သစ်ပင်တက် ထီးဆောင်း' လို့မေးထားတာဆိုတော့ အဖြေက 'မှို' ဆိုရင် မှန်မလား။ အဲဒီလိုတော့ စဉ်းစားလို့ရတယ်။ သူငယ်ချင်းရဲ့အဖြေနဲ့ ထပ်တူကျမကျတော့မသိဘူးနော်။ ဒီစကားထာကလည်း စကောကရင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းထဲကပဲဆိုတာတော့ အတိအကျပြောလို့ရတယ်"

လဂွန်းအိမ်၏အဖြေကြောင့် ဗညားတစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်းပြောလာသည်။ "မှန်ပါတယ် သူငယ်ချင်း၊ မှန်ပါတယ်။ ငါမေးရမယ့်အလှည့် ပြန်ရောက်လာလို့ မေးလိုက်ဦးမယ်"

"မေးလေ ရပါတယ်။ ဖြေဖို့အသင့်ပါပဲ"

"မေးပြီနော် 'ကလေးကြိုက်တဲ့ အပင်တစ်ပင်' အဲဒါဘာပင်ဖြစ်မလဲ ဖြေပါ"

"ဗညားရာ မင်းမေးခွန်းက ရှင်းနေပြီးသားပဲ။ ကလေးကြိုက်တဲ့အပင်ဆိုတာ သိပ်ပြီးများများစားစားမရှိဘူးလေ။ ငါသိသလောက်တော့ ဒီမေးခွန်းက လွယ်နေမယ်ထင်တယ်။ သူငယ်ချင်းမေးထားတဲ့ မေးခွန်းက 'ကလေးကြိုက်တဲ့ အပင်တစ်ပင်'ဆိုတော့ အဖြေမှန်ကတော့ အနီးလေးမှာပါဗျာ။ ကလေးမှ မဟုတ်ဘူး ငါလည်းကြိုက်တယ်ကွာ။ မင်းလည်း ကြိုက်တာပဲ။ တစ်ခါတလေ တို့နှစ်ယောက်လုစားကြတယ်လေ"

လဂွန်းအိမ်က ဗညားကို နောက်ပြောင်ကျီစယ်စကားဆိုလိုက်ပြီး ဖြည်းဖြည်းချင်းဆက်ပြောသည်။

"ဖြေမှာသာ ဖြေပါကွာ၊ မင်းမသိရင်သာ ပန်းပေးလိုက်"

"ကဲကွာ– တစ်ခါတည်းပဲ ဖြေပါတော့မယ်၊ အဖြေက 'ကြံပင်' ပေါ့။ စကောကရင်တိုင်းရင်းသားရိုးရာ စကားထာထဲကပါပဲ။ ဟုတ်တယ် ဟုတ်"

ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရပြီး ခေါင်းညိတ်လိုက်ရတော့သည်။ လဂွန်းအိမ်၏အဖြေကား တိကျသေချာစွာဖြေကြားလိုက်ခြင်းကြောင့်ပင်ဖြစ်သည်။

ထိုအချိန်တွင် နာရီမောင်းလေးချက်တီးသည့် အသံက ဘုန်းကြီးကျောင်းမှထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရန် အချက်ပေးသံဖြစ်သဖြင့် ဗညားနှင့် လဂွန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတစ်ပိုင်းဖြင့် တက်သွားကြလေတော့သည်။ ။

■

# သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် နိုဝင်ဘာ ၁၆

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၂)ကို နိုဝင်ဘာ ၁၈ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၁၈၊ ၁၉ နှင့် ၂၀ ရက်နေ့တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ၂၀၂၂ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) တတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) တတိယနေ့ကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတတိယနေ့အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ သိန်းနိုင်စိုး (HAN Golf Academy) က စုစုပေါင်းရိုက်ချက် ၂၀၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ ပထမ၊ မျိုးဝင်းအောင် (PRGR) နှင့် သိန်းဇော်မြင့် (Taylormade)တို့က စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယနေရာ၊ ဝါသနာရှင်အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် လွင်မိုးက စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ ပထမ၊ ဇော်ဇော်ထွန်းက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ဒုတိယ၊ လှိုင်မင်းထက်က စုစုပေါင်းရိုက်ချက် ၂၂၀ ချက်ဖြင့် သတ်မှတ် ရိုက်ချက်ထက် ငါးချက် ပိုရိုက်ကာ တတိယ၊ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲတွင် မိုးပြည့်စုံခင်က စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်ပိုရိုက်ကာ ပထမ၊ တုန်ရန်ကြီးက စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ဒုတိယ၊ ဂျာလေးက စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် တတိယတို့တွင်လည်းကောင်း ရပ်တည်လျက်ရှိသည်။


ပညာရှင်အဆင့်ပြိုင်ပွဲ၌ ဦးဆောင်နေသည့် သိန်းနိုင်စိုး (HAN Golf Academy)

ပြိုင်ပွဲနောက်ဆုံးနေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ပြင်ဦးလွင်မြို့ ချယ်ရီလွင်တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ – MGF

# "နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" အဖြစ် " ဥဂ္ဂါသေန " ဇာတ်တော်အပိုင်း(၂)ကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၆

မိဘပြည်သူများ ဇာတ်သဘင် ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်နေ့မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါ အစီအစဉ်မှ "ဥဂ္ဂါသေန" ဇာတ်တော် အပိုင်း(၂)ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ ဇံဟိန်း၊ ဆန်းနေအောင်၊ ထက်ကို၊ နန်းခင်မွှေး၊ ငြိမ်းချမ်းခိုင်တို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၁၉ ရက် (စနေနေ့) ည ၉နာရီတွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၂၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**✻ ကျောဖုံးမှ**

အဆိုပါ တပ်မတော်သားဆရာဝန်များအဖွဲ့တွင် မေ့ဆေးပါရဂူတစ်ဦး၊ ရောဂါဗေဒပါရဂူတစ်ဦး၊ ဇီဝဓာတုဗေဒပါရဂူတစ်ဦးနှင့် ဆေးမှူး ၁၅ ဦး စုစုပေါင်း ၁၈ ဦးတို့ပါဝင်ပြီး ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မြို့နယ်/ တိုက်နယ်ဆေးရုံ ကိုးခုတွင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထမ်းဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝေးလံခေါင်းပါး၍ သွားလာရန်ခက်ခဲသည့် ဒေသများသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် တပ်မတော်သားဆရာဝန်များသည် မွန်းလွဲပိုင်းတွင် မုံရွာလေဆိပ်သို့ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေဆိပ်ခန်းမ၌တွေ့ဆုံ၍ နယ်မြေဒေသအခြေအနေ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ညနေပိုင်းတွင် ၎င်းတို့တာဝန်ထမ်းဆောင်မည့် ဒေသများသို့ ဆက်လက်ထွက်ခွာရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်အနေဖြင့် ဝေးလံခေါင်းပါး၍ သွားလာရန် အခက်အခဲရှိပြီး ဆရာဝန် လိုအပ်ချက်ရှိနေသည့် စစ်ကိုင်းတိုင်းဒေသကြီး ချင်းပြည်နယ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ကျန်းမာရေးလိုအပ်ချက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးမြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင်တပ်မတော်သားဆရာဝန် ၄၄ ဦးကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်တွင် တပ်မတော်သားဆရာဝန် ၄၄ ဦးဖြင့်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ်တွင် တပ်မတော်သား ဆရာဝန် ၄၆ ဦးဖြင့်လည်းကောင်း၊ ယခုစတုတ္ထအကြိမ်အဖြစ် တပ်မတော်သား ဆရာဝန် ၁၈ ဦးဖြင့်လည်းကောင်း ၎င်းတို့ဆန္ဒသဘောထားအရ လျှောက်ထားလာသူများအား အလှည့်ကျ တာဝန်ထမ်းဆောင်စေခဲ့ရာ ၂၀၁၆ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ တပ်မတော်သားဆရာဝန် ၁၅၂ ဦးဖြင့် အဆိုပါဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

**✰ ၂၀၂၂ မှ**

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၁၉ ရာသီက ဗိုလ်စွဲရာတွင်လည်း ရှုံးပွဲမရှိစံချိန်ရရှိဖူးပြီး ဒုတိယအကြိမ် ရှုံးပွဲမရှိစံချိန်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ချန်ပီယံရှမ်းယူနိုက်တက်ကို အကောင်းဆုံးတုံ့ပြန်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲမရှိ စံချိန်အတွက် အတောင့်တင်းဆုံးလူစာရင်းဖြင့် ပွဲထွက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းမှာလည်း အမာခံ ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် အမှားများနေသဖြင့် ထိရောက်သည့်ဂိုးသွင်းခွင့်မရဖြစ်နေသည်။ ပထမပိုင်းပြီးခါနီးတွင် စည်သူအောင်၏ ကန်ချက်မှာလည်း တိုင်ထိထွက်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ဂိုးရရန် တိုက်စစ်ပိုမြင့်လာပြီး ၅၁ မိနစ်တွင် နန္ဒကျော်က အနိုင်ဂိုးသွင်းယူခဲ့သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ရောဝတီတိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းဂိုး ၁၄ ဂိုးဖြင့် ရရှိပြီး ဆုတံဆိပ်နှင့် ငွေကျပ် ၁၀ သိန်း၊ ပဉ္စမဆုရရောဝတီအသင်းကို ဆုကြေးငွေကျပ် သိန်း ၁၀၀၊ စတုတ္ထဆုရ မြဝတီအသင်းကို ဆုကြေးငွေကျပ် သိန်း ၂၀၀၊ တတိယဆုရ ဟံသာဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀၀၊ ဒုတိယဆုရ ရန်ကုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၄၀၀၊ ပထမဆုရ ရှမ်းယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၆၀၀ ဆုဖလားနှင့် ရှုံးပွဲမရှိစံချိန်ဖြင့် ရရှိသည့်အတွက် ရွှေဆုဖလားတို့ကို ချီးမြှင့်ခဲ့သည်။ ယင်းဆုများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၂ ရာသီ MNL ပြိုင်ပွဲကို ဇွန် ၂၅ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၈ ပွဲကစား ၁၅ ပွဲနိုင်၊ သုံးပွဲသရေ၊ ရှုံးပွဲမရှိ၊ ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ကာ ရန်ကုန်အသင်းက ၃၉ မှတ်ဖြင့် ဒုတိယ၊ ဟံသာဝတီအသင်းက ၃၂ မှတ်ဖြင့် တတိယဆုရရှိခဲ့သည်။ ယင်းအသင်းများနောက်တွင် မြဝတီအသင်းက ၃၁ မှတ်၊ ရောဝတီအသင်းနှင့် ရတနာပုံအသင်းက ၂၈ မှတ်စီ၊ အား/ကာသိပ္ပံအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၁ မှတ်ရရှိပြီး ၁၀ မှတ်ရရှိသည့် GFA အသင်းနှင့် ငါးမှတ်ရရှိသည့် ရခိုင်ယူနိုက်တက်အသင်းမှာမူ တန်းဆင်းခဲ့ရသည်။ MNL ပြိုင်ပွဲကို ၁၃ ကြိမ် ကျင်းပပြီးစီးထားပြီး ရန်ကုန်အသင်းက ငါးကြိမ်ဖြင့် အအောင်မြင်ဆုံးဖြစ်နေကာ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းက လေးကြိမ်စီ ဗိုလ်စွဲထားသည်။

ရှမ်းယူနိုက်တက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက "အမှတ်ပေးချန်ပီယံဆုကို ရှုံးပွဲမရှိစံချိန်နဲ့ ရယူနိုင်ခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ တစ်ရာသီလုံးမှာ ရှုံးပွဲမရှိစံချိန်ရရှိဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ ဒါကို ကျွန်တော်တို့က နှစ်ကြိမ်ရရှိခဲ့တဲ့အတွက် ပိုပြီးဂုဏ်ယူရပါတယ်။ အခုလိုအောင်မြင်တာဟာ အားလုံးရဲ့ကြိုးစားမှုကြောင့်ပါ။ နည်းပြအဖွဲ့ဝင်၊ ကစားသမားတွေက အစ ဝန်ထမ်းအားလုံး ကျေးဇူးတင်ပါတယ်။ ရှမ်းပြည်နယ်က ပရိသတ်တွေအတွက် ဆုဖလားအပ်နှံပွဲကိုလည်း ကစားသမားစုံလင်တဲ့အချိန် မကြာခင် တောင်ကြီးမြို့မှာ ပြုလုပ်သွားဖို့ရှိပါတယ်။ လာမယ့်ရာသီမှာ ပြည်တွင်းပြိုင်ပွဲတွေရော နိုင်ငံတကာပြိုင်ပွဲတွေပါ ယှဉ်ပြိုင်ရမှာ ဖြစ်တာကြောင့် ရလဒ်ကောင်းရရှိအောင် လိုအပ်တဲ့နေရာတွေ အင်အားဖြည့်တင်းပြီး အကောင်းဆုံးဖြည့်တင်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။

သတင်း–ကိုညီလေး
ဓာတ်ပုံ–သော်ကြီး

**သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း**

အဖ ဦးအောင်သန်း [၁၄/မအပ(နိုင်)၀၁၄၇၂၁]၊ အမိ ဒေါ်နုနုအေး [၁၄/မအပ(နိုင်)၀၁၄၇၄၈]တို့၏ သားဖြစ်သူ မောင်ဇော်မင်းသန်း [၁၄/မအပ(နိုင်)၁၁၆၁၉၀]သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အကျိုးစီးပွား ပျက်စီးဆုတ်ယုတ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ် အပြီးအပိုင် စွန့်လွှတ်ပါကြောင်း မောင်ဇော်မင်းသန်းနှင့် ပတ်သက်သော အကောင်း၊ အဆိုးကိစ္စမှန်သမျှအား လုံးဝ(လုံးဝ) တာဝန်ယူမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**အဖ–ဦးအောင်သန်း[၁၄/မအပ(နိုင်) ၀၁၄၇၂၁]**
**အမိ–ဒေါ်နုနုအေး[၁၄/မအပ(နိုင်) ၀၁၄၇၄၈]**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း**

**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၆/ကံဘဲ့၊ မြေကွက်အမှတ် ၁/ယ ၁/အေ ၊ အကျယ်အဝန်း ပေ(၃၀x၅၀)၊ ဧရိယာ (၀.၀၃၅) ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်–၃/က (အေ)၊ မြရတနာလမ်း၊ (၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့် နေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်မြကျော့ဇင် [၁၂/တမန(နိုင်)၀၈၃၅၆၇]** အမည်ပေါက်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူမှ လက်ဝယ်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၆)**
**အမှတ်(၁၉၄)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၀၀၃၁၂၉၂**

**Myanmar Royal Golden Elephant Medical Device Co., Ltd.**
**Notice of Special Resolution For Members' Voluntary Winding Up**
**( According to Myanmar Insolvency Law)**

At the Extraordinary General Meeting of the Shareholders and Directors of the above company was held on (15.11.2022) through virtual meeting and resolved the followings; "Myanmar Royal Golden Elephant Medical Device Co., Ltd." (Registration No. 125594557) shall be wound up voluntarily by Shareholders according to Myanmar Insolvency Law. Advocate (U Phyoe Wai (No.16580) shall be appointed as the official liquidator of the company and shall have the power to the extent to carry out all procedures regarding with voluntarily winding up of the company and to liquidate the assets of the Company. Therefore, it is announced that the assets and liability from above company shall be paid or claimed from the aforementioned liquidator before (30.12.2022).

U PHYOE WAI (Advocate -16580)
Liquidator (MAIP 00144)
09 420130761

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ တလုပ်လပ်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၇၉၊ မအူပင်)၊ ဦးပိုင်အမှတ်(၁၇/၈၅)၊ ဧရိယာ(၀.၁၁)ဧကရှိ မြေသည် ဒေါ်တင်အေးအမည်ဖြင့် (၂၆-၈-၂၀၀၅)မှ (၂၅-၈-၂၀၃၅)ထိ နှစ်(၃၀)မြေငှားဂရန်ခွင့်ပြုမိန့်ရရှိထားသော်လည်း မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ (၂၂-၂-၂၀၀၆)ရက်စွဲပါ စာချုပ်အမှတ်(၅/၂၀၀၆)ဖြင့် ဦးဝင်းမြင့်မှ တရားဝင် ဝယ်ယူပိုင်ဆိုင်လာခဲ့ပါသည်။ ဦးဝင်းမြင့်မှာ (၁၅-၇-၂၀၂၁)ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၃)ရပ်ကွက်၊ (၁၉)လမ်း၊ အမှတ်(၅၉)နေ ဒေါ်ခင်သီရိမျိုး[၁၂/ပဗတ(နိုင်)၀၃၃၉၀၃] မှ (၁၁-၁၀-၂၀၂၂)ရက်တွင် မအူပင်မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၌ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ချုပ်ဆို၍ ၎င်း၏အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်၊ မအူပင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ မြေနှင့်အဆောက်အဦအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သိင်္ဂီ(၄)လမ်းမြောက်၊ တိုက်အမှတ်-၁၃၆/က ၊ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်း (၁၄ ပေ x ၅၆ ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်ယဉ်ယဉ်မျိုး [၁၂/သကတ (နိုင်) ၁၇၃၀၄၉] ကိုင်ဆောင်သူမှ ၎င်းတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်အေးချမ်းမြ** — **[၁၂/ဗဟန (နိုင်)၀၉၀၁၅၇]**

**`လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်ကြည်ကြည်လှိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၀၁)**

**အမှတ်(၂၃၁)၊ ၄ဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ အရှေ့ကုန်းလမ်း၊ တိုက်အမှတ်(၇)၊ (၇-လွှာ)၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂x၅၀) ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပြောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဒေါ်သီတာဦး (ကွယ်လွန်သူ ဦးသောင်းဆိုင်၏ ဇနီး) [၁၂/တတန(နိုင်)၀၀၈၅၆၂]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွှန့် |
|---|---|---|
| BSc, DA, HGP, R.L, DBL, DML, DIL | LL.B(စဉ်-၁၀၀၆၃) | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ၀၉-၄၂၀၃၅၉၆၃ ၀၉- ၅၀၅၃၁၀၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၃)လမ်း၊ အမှတ်(၃၂၄)၊ (၂)ခန်းတွဲ RC(၆)ထပ်တိုက် အဆောက်အအုံ၏ ပဥ္စမထပ်(၆)လွှာ၊ တိုက်ကို မျက်နှာမူလျှင်(ဝဲ)၊ ဧရိယာ(၁၀၂၆)စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဇင်မာဝင်း[၁၄/ဟသတ(နိုင်)၂၀၂၁၄၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးသန့်ဇင်ထက်[၁၂/သကတ(နိုင်)၂၀၂၃၂၅]၊ ဒေါ်ဝင်းလဲ့မျိုးကျော်[၁၂/ကမရ(နိုင်)၀၅၉၀၅၇]တို့က အပြီးအပြတ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇင်ထက်နှင့် ဒေါ်ဝင်းလဲ့မျိုးကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဖြိုးအောင်**
**LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:-09-421157856, 09-798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ (Star City) ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ် -၄၂/က(၅ထပ်) တိုက်၏ ဒုတိယထပ်အခန်းတွင် နေထိုင်သော ဒေါ်တင်တင်အေး [၁၂/မရက(နိုင်)၀၂၁၈၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ် - ၄၂/က၊ ၅ ထပ်တိုက်၏ ဒုတိယထပ်အခန်း၊ အကျယ်အဝန်း (၂၅' x ၃၀') ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၃-၁၁-၂၀၂၂) ရက်စွဲပါ အမွေဆိုင်မောင်နှမ (၂)ဦး အကြား အမွေဆိုင်တိုက်ခန်းများ ခွဲဝေရယူခြင်း သဘောတူကတိစာချုပ်အရ မောင်ဖြစ်သူ ဦးတင်ထွန်း [၁၂/မရက(နိုင်)၀၂၅၉၇၈]ထံမှ အစ်မဖြစ်သူ ဒေါ်တင်တင်အေးက အလုံးစုံပိုင်ဆိုင်ခွဲဝေရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်တင်တင်အေး** — **[၁၂/မရက(နိုင်)၀၂၁၈၃၆]**

**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်ကြည်ကြည်လှိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၀၁)**

**အမှတ်(၂၃၁)၊ ၄ဝါလမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၃၅၆၆၃၁၅**

## ကန့်ကွက်ရန် ရှိ၊ မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ် (၄၁၁)၊ လွန်ကျော်လမ်း၊ ( ၄၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မြင့်မြင့်သူ [၁၂/အစန(နိုင်)၀၂၄၅၆၈] အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်မြင့်မြင့်သူထံမှ ဦးကျော်စွာဝင်း [၁၂/အစန(နိုင်)၀၀၀၄၈၅]က ဝယ်ယူခဲ့ပြီး ယခု ဦးကျော်စွာဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိအောင် (LL.B)(W.I.P.O)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၂၈၂)**
**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၂၃၄၃၈**

## ပျောက်ဆုံးကြောင်း

ကျွန်တော် သူရအောင် CDC-84637 ၏ SSA လက်မှတ်ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါ။

**Ph: 09- 443052546**

**မိဘမေတ္တာ**
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့ဟောင်း(၁၂)လမ်း၊ အမှတ်(၂၃၆) မြေကွက်ပေါ်ရှိ (၃)ထပ်တိုက်၏ ပထမထပ်(ခြေရင်းခန်း) တိုက်ခန်းအား ဦးညွှန့်မောင် [၁၂/မရက(နိုင်)၀၈၆၁၀၅] ပိုင်ဆိုင်ပြီး ဦးညွှန့်မောင်ထံမှ အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းရောင်းချသော တန်ဖိုးငွေအား အပြေအကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နီလာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းချိုဦး LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၇၀/၂၀၁၁)**
**ဖုန်း-၀၉-၂၅၂၉၉၄၉၈၈**
**အမှတ်(၆၄၆/၄၆၄)၊ အခန်း(၂/၄)၊**
**ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မြေကွက်အမှတ် (၂၄၅/၁)၊ ဧရိယာ (၁၄၃၀) စတုရန်းပေရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အဆောက်အဦ တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ဒေါ်နုနုဝင်းမှ သမီး (၂) ဦးဖြစ်သော ဒေါ်နန်းယဉ်ယဉ် [၁၂/ဥကတ(နိုင်)၁၃၆၄၀၅] နှင့် ဒေါ်နန်းအေးအေး [၁၂/ဥကတ (နိုင်) ၁၅၆၁၄၉] တို့အား မေတ္တာဖြင့်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ဖြင့် ချုပ်ဆိုပေးအပ်ခဲ့ပြီးနောက် သမီး(၂)ဦးအမည်ဖြင့် နှစ် (၆၀) မြေငှားဂရန်အမည်ပေါက်ခဲ့ရာ ၎င်းသမီး(၂)ဦးတို့မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ရဲကျော် [၁၂/ဒဂမ(နိုင်)၀၂၀၅၉၃] နှင့် ဒေါ်ကဥ္စနာဖြိုး [၁၂/ရကန(နိုင်)၀၆၃၅၄၀]တို့ထံသို့ ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါအရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချစ်ပြည့်ပြည့်ဖြိုး (LL.B, LL.M, D.B.L) WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၉၄၉/၂၉-၆-၂၀၁၈)**
**အမှတ်-၅၆၊ ဇမ္ဗူသီရိလမ်း၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-401551723**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၃၀-သုဝဏ္ဏ) ရပ်ကွက်၊ နှင်းဆီဖြူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀- သုဝဏ္ဏ (ဘုရားအနီး)၊ မြေကွက်အမှတ်(၁၁၅)၊ ဧရိယာ (၀.၁၁၂)ဧက၊ (၄၈၈၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမြင့်စိုး [၁၂/တမန(နိုင်)၀၇၄၀၀၄] က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမိုးမင်းဆွေ | ဒေါ်ခင်မာနွယ် | ဦးအောင်မျိုးသူ | ဒေါ်နန်းစုမြတ်နိုးထွဋ် |
|---|---|---|---|
| (LL.B, D.B.L) | (LL.B, D.B.L) | (LL.B) | (LL.B) |
| (စဉ်-၁၄၄၀၄) | (စဉ်-၁၄၂၆၂) | (စဉ်-၁၇၄၆၂) | (စဉ်-၁၇၅၉၀) |

**တရားလွှတ်တော်ရှေ့နေများ**

| ဒေါ်ချောရူပါဝင်း(LL.B) | ဒေါ်အေးမြတ်သွေး(LL.B) |
|---|---|
| (စဉ်-၅၂၅၉၃) | (စဉ်-၄၇၉၅၈) |

**အထက်တန်းရှေ့နေများ**
**Legal Chance Office: အမှတ်(၄၈)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၄၄၅၇၅၆၈၂၁၊ ၀၉- ၄၃၁၆၇၂၉၆၊ ၀၉- ၄၂၁၀၂၂၁၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၇ ၊ မြေကွက်အမှတ်- ၇၈၉၊ မြေကွက်တည်နေရာအမှတ် (၇၈၉)၊ (၇၇) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးစစ်အောင် [၁၂/အစန(နိုင်)၀၉၇၆၆၁] အမည်ပေါက် မြေချပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးစစ်အောင် [၁၂/အစန (နိုင်) ၀၉၇၆၆၁]ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးကောင်းမြတ်လွင် [၁၂/ဒဂန(နိုင်)၀၀၀၉၄၇]မှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် မြေချပါမစ်မူရင်း (မှတ်ပုံတင်စာရင်းမဝင်ထား) တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ မြေကွက်အမှတ် ( ၅၆၂/က) ၊အကျယ်အဝန်း (အလျား၂၀ ပေ x အနံ ၆၀ ပေ ) ပါမစ်အမည်ပေါက် ဒေါ်စန်းမြင့် [၁၂/ရကန (နိုင်) ၀၅၆၀၈၈ ]ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးမျိုးဝဏ္ဏအောင် [၁၂ /ခရန(နိုင်)၀၉၉၅၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သွင်အောင် [၁၀/ဘလန(နိုင်)၀၉၈၄၇၄]က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤ ကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှု အထောက်အထား စာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်နှင့်အိမ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄ ၊ မြေကွက်အမှတ် (၁၀၆၅)၊ မြေကွက်တည်နေရာအမှတ် (၁၀၆၅)၊ ငွေစင်လမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးကျော်တင့် (AC-၀၁၄၄၇၂) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)မြေအား အမည်ပေါက် (ခင်ပွန်း) ဦးကျော်တင့် ကွယ်လွန်သဖြင့် ဇနီး ဖြစ်သူ ဒေါ်တင်တင်မြင့် [၁၂/မရက(နိုင်)၀၇၈၃၉၉]က မိမိတစ်ဦးတည်းသာ တရားဝင်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ (ခင်ပွန်း) ဦးကျော်တင့်၏သေဆုံးမှု လက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်တင်တင်မြင့်ထံမှ GP.No. ၁၄၈၂၃/၂၀၂၂ (၂၂-၈-၂၀၂၂) ဖြင့် ရရှိသူ ဒေါ်ယဉ်ယဉ်ငယ် [၁၁/သတန(နိုင်)၀၇၁၃၉၇] မှ အထွေထွေ ကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်၊ နိုင်/ကတတ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၄)လမ်း၊ အိမ်အမှတ်(၇၃၄/ဂ)ဟုခေါ်တွင်သော မြေအကျယ်(၁၃.၄ပေx ၆၀ပေ) နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်(၁)လုံး၊ လျှပ်စစ်မီတာ၊ ရေမီတာနှင့် Air-conအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ဆန်းသွယ်[၆/မအရ(နိုင်)၀၅၉၈၀၀]နှင့် ဦးမောင်စိန် [၆/မအရ(နိုင်)၀၆၀၁၈၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် ထိုမြေပေါ်ရှိ အဆောက်အဦနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်လှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၀၀/၁၀)**
**အမှတ်(၆၂၀)၊ မဟာဆွေလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၄၈၀၄၉၉၅၄**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး သွားကျန်းမာရေးသူနာပြုဒီပလိုမာ(Diploma in Dental Nursing) (၂)နှစ် သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ၂၀၂၃-ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) သင်တန်းသို့ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်-

၁။ **လိုအပ်သောအရည်အချင်း**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ (သိပ္ပံတွဲ)ရပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် (၇-၁၂-၂၀၂၂)ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ်အတိုင်းသာ အတည်ပြုမည်။)
(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ရမည်။
(င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သင်တန်းတက်ရောက်ခွင့်ရရှိပြီး သင်တန်းကို ပြီးဆုံးအောင်တက်ရောက်ခြင်း မရှိလျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်ဆက်တိုက် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးဆောင်ရန် ကတိခံဝန်စာချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ **လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်-**
(က) အမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
(ဂ) မိဘအမည်နှင့် အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဃ) ပညာအရည်အချင်း
(င) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်
(စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

၃။ **လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-**
(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်(မိတ္တူ) (၁)စောင်နှင့် ဘွဲ့လက်မှတ်(မိတ္တူ) (၁)စောင်။
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)(၁)စောင်။
(ဂ) နိုင်ငံရေးနှင့်ပြစ်မှုကင်းရှင်းကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်း၏ ထောက်ခံစာ(မူရင်း) (၁)စောင်။
(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့) ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး(အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း) (၁) စောင်။
(င) ကိုယ်လက်အင်္ဂါ ချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း၊ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ (မူရင်း) (၁)စောင်။
(စ) လျှောက်လွှာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ (၂)ပုံ ကျောဘက်တွင် အမည်နှင့်မှတ်ပုံတင်အမှတ်ဖော်ပြရန်။
(ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ ထောက်ခံစာ(မူရင်း) (၁)စောင်။

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး၊ မြို့သစ်(၁)ရပ်ကွက်၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံတောင်ဘက်၊ အရိုးဆေးရုံကြီးမြောက်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၇-၁၂-၂၀၂၂)ရက်နေ့ထက် နောက်မကျဘဲ ပေးပို့လျှောက်ထားရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး (၉-၁၂-၂၀၂၂) ရက်နေ့တွင် ကြေညာထားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့် ကတ်များကို (၁၅-၁၂-၂၀၂၂)ရက်နေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ထုတ်ယူနိုင်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်-

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | (၁၆.၁၂.၂၀၂၂)ရက်(သောကြာနေ့) |
| အချိန် | - | နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| ဘာသာရပ် | - | မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ(၃)နာရီ မေးခွန်းလွှာ(၁)စုံ |
| ကျင်းပမည့်နေရာ | - | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး |

၇။ အခြားစုံစမ်းမေးမြန်း လိုအပ်ချက်ရှိပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး ဖုန်း- ၀၂-၄၀၈၀၇၃၅၊ ၀၂-၄၀၈၀၇၃၆၊ ၀၂-၄၀၈၁၂၄၁၊ ၀၂-၂၈၄၇၈၀၃ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## အမည်မှန်

သန်လျင် မြို့နယ်၊ အ.ထ.က(၄) Grade-VII မှ ဦးဂျွန်ပီတာ၏သမီး မကေသွယ်ဦး၏ အမည်မှန်မှာ မဂျေစီကာ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အ.ထ.က(၁) Grade-10(B)မှ မောင်ခန့်နိုင်မှူး၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း [၇/ဖမန(နိုင်)၁၄၇၄၅၁] ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ညီညီနိုင် CDC Passport S.I.D Smart Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**Ph-264699153**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြားတောင်၊ မြေကွက်အမှတ် (၆၁၄)၊ အကျယ်အဝန်း (၃၀ပေ x ၅၀ပေ)၊ မြေဧရိယာ (၀.၀၃၄) ဧက၊ (၁၅၀၀) စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးဟိန်းဇော် (ဘ) ဦးအောင်တင့် [၉/သစန(နိုင်)၁၁၉၂၁၁]မှ ဦးနေဇော်ရှိုင်း (ဘ) ဦးနီဝင်း [၁၃/နစန(နိုင်)၀၃၇၁၉၄]အား (၈-၂-၂၀၂၂)ရက်စွဲဖြင့် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၁၅၇/၂၀၂၂) ဖြင့် အထူးကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ပါသည်။

အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးနေဇော်ရှိုင်းမှ ယင်းမြေကွက်နှင့် ပတ်သက်၍ ဆောင်ရွက်ရန်လုပ်ငန်းကိစ္စများ ပြီးဆုံးပြီးဖြစ်ပါသဖြင့် ၎င်းအား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ သီရိမင်္ဂလာအိမ်ရာဝင်း၊ ၇၃x၇၄ လမ်းကြားနှင့် ၂၆x၂၇ လမ်းကြား၊ အကွက်အမှတ် (၇၂၆)၊ စိတ္တရမဟီအဆင့်မြင့်အိမ်ရာ၊ Condo(3)၊ RC(၁၀)ထပ်အဆောက်အဦ၏ အခန်းအမှတ်(၃/အေ)၊ (တတိယထပ်)၊ (၄-လွှာ)၊ ဧရိယာ(၁၇၇၈.၃၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်တင်ဖြူ [၇/သကန(နိုင်)၂၇၉၈၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးပြည့်ဖြိုးမောင် [၉/စကန(နိုင်)၀၇၁၉၀၄]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဖြိုးအောင် LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)**
**Ph:-09-421157856, 09-798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်တွင် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည့် သောက်ရေသန့်လုပ်ငန်း၏ အမည်ကို အောက်ဖော်ပြပါ အမည်တံဆိပ်(၃)မျိုး -

(၁) Cleanest (အစင်ကြယ်ဆုံး)
(၂) Healthful (ကျန်းမာရေးနှင့်ညီညွတ်သော)
(၃) Refresh (အားသစ်တိုးစေသည်)

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါအမည်ဖြင့် ထုတ်လုပ်ရောင်းချမည်ကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိခဲ့ပါက အထက်ပါအမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်၍ သောက်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဒေါ်ခင်သူဇာမိုး**
**[၁၂/သဃက(နိုင်)၁၈၂၂၂၅]**
**ဖုန်း - ၀၉-၂၅၄၂၅၀၄၀၈**

## အမှားပြင်ဆင်ချက်

(၁၉-၁၀-၂၀၂၂)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၃ ၌ "အမြန်ပြန်လာပါ" ကြော်ငြာချက်တွင် ဦးကျော်ဇေယျာထွန်း၏ ဇနီးဖြစ်သူ ဒေါ်ဥမ္မာအောင်သည် နေအိမ်မှ ဆင်းသွားသည့်ရက်စွဲအား (၅-၁၀-၂၀၂၂)ဟု မှားယွင်းဖော်ပြထားချက်အစား (၆-၁၀-၂၀၂၂)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ဒေါ်အေးအေးသင်း**
**အထက်တန်းရှေ့နေ**
**စဉ်-၅၄၈၆၉**
**၃၂/၁၁၂၊ ရပ်ကွက်(၅)၊ နယ်မြေ(၄)၊ အေးသာယာ။**
**ဖုန်း- 09-403210905**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၆-ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ကုန်းဘောင်လမ်း၊ အခန်း-၀၀၁၊ တိုက်- ၃၊ (မြေညီထပ်)တိုက်ခန်းကို ဝယ်ယူအစဉ်အဆက် ပိုင်ဆိုင်နေထိုင်ခွင့်ရရှိထားသည့် ဒေါ်စန်းရင် [၁၂/လမတ(နိုင်)၀၁၈၈၂၀]မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါတိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နိုင်နိုင်အေးရွှေ [၁၂/တမန(နိုင်)၁၁၃၆၉၂]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်အကြောင်းကြားကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုများ မရှိပါကဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်အောင် (ဥပဒေတွဲ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉- ၄၃၀၆၄၆၇၆၊ ၀၉- ၇၇၄၃၀၆၄၆၇**

## "ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ မြေကွက်အမှတ် (၁၀၅၀/က)၊ ဈေးလမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဒေါ်အေးမြဟန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အရောင်းအဝယ် ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်ကို အမည်ပေါက်သူ ဒေါ်အေးမြဟန် [၉/ကပတ(နိုင်)၁၈၂၃၅၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဒေါ်ဇာဇာလွင် [၉/အမဇ (နိုင်)၀၄၃၅၈၈]က အပြီးအပိုင်ဝယ်ယူ ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ် (၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀) ရပ်ကွက်၊ ၃၁-လမ်း (အလယ်)၊ အမှတ်(၁၃၂/၁၃၄)၊ မြေညီထပ်၊ အကျယ်အဝန်း (၂၃'x၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးသိန်းထွန်း [၉/မနမ(နိုင်)၀၃၀၃၈၂]နှင့် ဒေါ်စန်းအေး [၁၂/အစန(နိုင်)၁၆၅၈၀၃] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး[LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ဂ)၊ မြေကွက် အမှတ် (၁၂၅/က)၊ ဧရိယာ (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (ဂ)ရပ်ကွက်၊ ရွှေဝါ (၁) လမ်း၊ အမှတ်- ၁၂၅(က) ဟုခေါ်တွင်သောမြေကွက်နှင့် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်မြို့သစ် (ဂ)၊ မြေကွက်အမှတ် (၁၂၅/ခ)၊ ဧရိယာ (၂၀ပေ x ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ် (ဂ)ရပ်ကွက်၊ ရွှေဝါ (၁)လမ်း၊ အမှတ်-၁၂၅(ခ) ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်ကို မျက်နှာမူလျှင် ဘယ်ဘက်ခြမ်းရှိ (၁၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စိုးစိုးသန့် [၁၄/ပတ(နိုင်)၁၀၄၀၀၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်အမည်ပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆိုကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၄၅၂၊ ဧရိယာ၀.၀၈၂ ဧက၊ မြေကွက်တည်နေရာ အမှတ်(၄၅၂)၊ ရတနာမိုးသွယ်လမ်း၊ ရွှေပြည်သာမြို့နယ်၊ ဦးသက်ဦး၊ ဦးလှကြိုင်၊ ဦးမျိုးမြင့်အောင်၊ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်-ဦးသက်ဦး၊ ဦးလှကြိုင်၊ ဦးမျိုးမြင့်အောင်တို့ (၃)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသက်ဦး[၇/ပတန(နိုင်)၀၀၀၇၂၀]သည် (၁၇-၉-၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်သဲစုလှိုင် [၇/ပခန(နိုင်)၃၇၅၆၁၉]မှ တစ်ဦးတည်းသောတရားဝင်ဇနီး တော်စပ်ကြောင်းနှင့် ခင်ပွန်းဖြစ်သူပိုင်ဆိုင်သည့် (၃)ပုံ (၁)ပုံ ပိုင်ဆိုင်မှုအစုဖြစ်သည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်မှုအစု(၁)ပုံ၏ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းဖြစ်သူ၏ သေဆုံးမှုလက်မှတ်နှင့်အတူ ကျန်အမည်ပေါက် (၂)ဦးဖြစ်သူ ဦးလှကြိုင် [၁၂/သကတ(နိုင်)၀၁၈၈၆၉] ဦးမျိုးမြင့်အောင် [၁၄/ဒဂပ(နိုင်) ၂၀၄၁၇၄]တို့နှင့် ပူးတွဲ၍ နှစ်(၆၀) မြေငှားဂရန်တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဥတုရာသီ တောကိုမှီ၏

## သက်ဆိုင်သူများနှင့်အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ချော်တွင်းကုန်း၊ ပါရမီလမ်း၊ (၃)လွှာ၊ ၄(က) ၃(က) နေ ဆရာဦးကျော်မင်းစံ(ခ) ဦးကျော်မျိုးမင်း [၁၀/မလမ(နိုင်)၁၄၆၇၈၇] ၏ တင်ပြလွှဲအပ်ချက်အရ-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်မင်းစံသည် ပညာရေးနယ်ပယ်၌ ရူပဗေဒဘာသာရပ်အား မျှဝေသင်ကြားလာခဲ့သည်မှာ (၂၅)နှစ်ကျော် ကြာမြင့်နေသူတစ်ဦးဖြစ်ပြီး သင်ကြားခွင့်လိုင်စင်၊ သင်တန်းတည်ထောင်ခွင့်လိုင်စင်ရရှိထားပါသည်။ ယခုအခါ ပညာရေးစနစ်သစ်၏ Grade-10 နှင့် Grade-11 အတွက် သင်ရိုးသစ်များတွင် ဦးကျော်မင်းစံ၏ ရုပ်ပုံနှင့် ရုပ်ပုံပါဝင်သော သင်ကြားရေးဗီဒီယိုဖိုင်များအား ဦးကျော်မင်းစံ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ OTG stickများ၊ Social Media (Facebook, Messenger group)များ၊ Viber group၊ Telegram group များ၌ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများပြုလုပ်နေကြောင်း သိရှိရပါသည်။ ထို့ကြောင့် အဆိုပါဗီဒီယိုများအား မည်သည့်ဆက်သွယ်ရေးကိရိယာ၊ မည်သည့် Application တို့မှ မဆို ဖြန့်ဖြူးရောင်းချခြင်း၊ ကူးယူခြင်းများအား ပညာရေးအဖွဲ့အစည်းများအပါအဝင် အခြားမည်သည့်အဖွဲ့အစည်းများမှ မဆို ဦးကျော်မင်းစံ၏ ခွင့်ပြုချက်မရှိဘဲ ဆက်လက်မပြုလုပ်ကြပါရန် တင်းကြပ်စွာ တားမြစ်လိုက်ပါသည်။ သင်ကြားရေးစနစ်၊ ချဉ်းကပ်ပုံစံစနစ်၊ Power point အစီအစဉ် စသည်တို့ကိုလည်း တုပ၍ ဆင်တူယိုးမှားပုံစံကူးယူကာ သင်ကြားခြင်းများကိုလည်း မူပိုင်ခွင့်အရ ခွင့်ပြုလိမ့်မည်မဟုတ်ပါ။ ထိုသို့ တားမြစ်ထားပါလျက် ချိုးဖောက်ပါက ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**Nay Thu Yein Law Firm**

| | | |
|---|---|---|
| **U Aung Thu Yein Tun**<br>**Advocate (9716)** | **Daw Ma Ma Moe**<br>**Advocate (16231)** | **Daw Aye Mya Nwe**<br>**Higher Grade Pleader (41751)** |
| **Daw Htet Htet Han**<br>**Higher Grade Pleader (54900)** | | **Daw Su Hlaing Phyo**<br>**Higher Grade Pleader (54201)** |

**Office- No.287, Kyae Mhone street, 6 quarter, East Dagon Township, Phone- 09- 443044644, 09-421018528, email- naythuyeinlawfirm@gmail.com**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ပြည်လမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ သီရိရိပ်သာ အဆင့်မြင့်အိမ်ရာ၊ တိုက်(အေ)၊ အခန်းအမှတ်(၇၀၄) ဟုခေါ်တွင်သော တိုက်ခန်းသည် ဒေါ်မြင့်မြင့်(ဘ) ဦးဖိုးဝန် [၁၂/ရကန(နိုင်)၀၂၈၀၃၀] အမည်ပေါက်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။ (၂၀-၁၁-၂၀၁၆) ရက်က ဒေါ်မာလာဆွေ [၁၂/ကမတ(နိုင်)၀၄၃၀၉၁]၊ ဒေါ်ခင်တင့်တင့် [၁၂/ရကန(နိုင်) ၀၂၈၀၁၁]၊ ဒေါ်ခင်မာကြူ [၁၂/ရကန(နိုင်) ၀၂၈၀၂၁] တို့အား နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ လက်ရောက်ဝယ်ယူလွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါသည်။ အထက်အမည်ပါ ဝယ်ယူသူ(၃)ဦး အမည်ပေါက် သီရိရိပ်သာတိုက်ခန်းပိုင်ရှင်အသိအမှတ်ပြုလွှာ မူရင်းမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသည်။ တိုက်ခန်းပိုင်ရှင် အသိအမှတ်ပြုလွှာပြန်လည်လျှောက်ထားရယူမည် ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းပိုင်ရှင်အသိအမှတ်ပြုလွှာရရှိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးခင်ဇော် (မရမ်းကုန်း)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၁၀၆၂၃)**<br>**ဖုန်း-၀၉- ၂၅၃၂၂၅၁၅၁** | **ဒေါ်မျိုးသူဇာနှင်း**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၁၄၂၁၆)**<br>**ဖုန်း-၀၉- ၂၅၄၂၁၈၀၂၄** | **ဒေါ်အိဖြူနှင်း**<br>**အထက်တန်းရှေ့နေ**<br>**(စဉ်-၅၄၅၇၈)**<br>**ဖုန်း-၀၉- ၄၂၀၀၄၇၅၅၅** |

## ကန့်ကွက်နိုင်ပါသည်

